# ဦးပေါ်ဦး
နှင့်
# လုတောသား
## ဟာသပုံပြင်များ

နေဘုန်းဝေ



## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၆၃၀၀၃၁၀၈၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ်- ၆၃၀၀၀၅၀၁၁၁

ထုတ်ဝေသည့်လ ● ၂၀၁၁၊ မတ်လ

အကြိမ် ● ဒုတိယအကြိမ်

တန်ဖိုး ● ၂၅၀/-

ကွန်ပျူတာစာစီ ● မြစ်ခွဲကိုးစင်းကွန်ပျူတာ

ထုတ်ဝေသူ ● စံလူစာပေ၊ ဒေါ်မြမြကြွေ (၀၁၃၄၆
အမှတ် (၁၈၀)၊ ၂၉ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁-၂၄၆၆၂၁

ပုံနှိပ်သူ ● ဦးတင့်ဇော် (၁၀၁၃၁)
ပင်မြင့်မာလာပုံနှိပ်တိုက်
အမှတ် (၂၄)၊ တာဝတိံသာလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ● စံလူစာပေ
အမှတ် (၁၈၀)၊ ၂၉ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၄၆၆၂၁

(၃၉၈.၂)

နေဘုန်းဝေ
ဦးပေါ်ဦးနှင့် လုတေသားဟာသပုံပြင်များ
နေဘုန်းဝေ - ရန်ကုန်
စံလူစာပေ- ၂၀၁၀
၂၈၀ စာ၊ ၁၂.၅ × ၁၈.၅ စင်တီ
(၁) ဦးပေါ်ဦးနှင့် လုတေသားဟာသပုံပြင်များ


# နေဘုန်းဝေ

# ဦးပေါ်ဦးနှင့် လုတေသားဟာသပုံပြင်များ


နိုင်ငံတော်အရေး သုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်အမှောင့်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

★ [illegible]
★ [illegible]
★ [illegible]
★ [illegible]

လူမှုရေးဦးတည်ချက် (၄) ရပ်

★ [illegible]
★ [illegible]
★ [illegible]
★ [illegible]


## မာတိကာ


| | |
|---|---|
| မိမိနှင့် လုတေသား | ၉ |
| နိဒါန်း (သို့မဟုတ်) အလုတော၊ လုတော | ၁၁ |


### အပိုင်း (တစ်)

### ဦးပေါ်ဦး ဟာသပုံပြင်များ


| | |
|---|---|
| ၁။ ဉာဏ်တုံးသော နွားကျောင်းသား | ၁၇ |
| ၂။ ယုန်ကလေးနာစေးနေတယ် | ၂၁ |
| ၃။ သိကြားပေါက် | ၂၆ |
| ၄။ ဦးပေါ်ဦးနှင့် သားဖနစ်ဦးပုံပြင် | ၂၉ |
| ၅။ သံကိုမကြည့်ရဲပါ ဘုရား | ၃၂ |
| ၆။ ထီးတော်မိုးသည့် ဦးပေါ်ဦး | ၃၆ |
| ၇။ ချေးသာယို သေးမထွက်စေနဲ့ | ၃၉ |
| ၈။ ဝက်ကလေး စာမသင်ရသေးလို့ပါဘုရား | ၄၂ |
| ၉။ ဦးပေါ်ဦးနှင့် ပုထိုးတော်ကြီး | ၄၅ |
| ၁၀။ စက်ခုန် ခေါ် ဗီးပုံးဖျံ | ၄၈ |
| ၁၁။ ဦးပေါ်ဦးလျှောက်သော ထိုးကွင်းမင်ကြောင် | ၅၁ |
| ၁၂။ ကျမ်းဂန်နဲ့ညီသော ကသည်းများ | ၅၃ |

## အပိုင်း (နှစ်)

### လုတော်သား စကားပဒေသာ


၁၃။ ခေါင်း ငါးတင်းဝင်ပုတ်လောက်ကွယ် ၅၇

၁၄။ မော်တော်ဆိုင်ကယ်ပျက် နှိုးထားမှတ်ရ ၅၉

၁၅။ တိုက်တည်ရလောက်ပြီကွယ် ၆၁

၁၆။ နဂါးလှည့်ရက်ရာဇာ ၆၃

၁၇။ ပျားချေဝါတွေ မှတ်ရ၊
ငါးမာန်းစွယ်တွေလား မှတ်ရ ၆၅

၁၈။ ဆေးပေါ့လိပ် **ကြောင်ခုတ်သလို** ၆၇

၁၉။ နှာခေါင်းပေါက် ငယ်ထိပ်ရောက်နေပြီ ၆၉

**၂၁။ လုပဲအားပေးလှည်းတန်းကြီး** **၇၅**

၂၂။ နတ်အုံးသီးပေါ် **ယင်နားသလောက်ရှိတာ** **၇၈**

၂၃။ တံခွန်တိုင်က **နတ်ရုပ်** **၈၁**

၂၄။ ဥနဲ့ပင်ဖက် ပတ်ပြီးသာသောက်ပေတော့ **၈၄**

၂၅။ လက်ဝါးနဲ့အုပ်ထားရမှ ပေါင်းတဲ့ကောင် **၈၆**





**၂၆။ ဟင်းကောင်းမှကြိုက်သူ** ၈၈

**၂၇။ ရက္ခစိုး ထုံးပုံပေါ်မှောက်လဲသလို** ၉၁

၂၈။ လည်ပင်းဇလုပ် **ဖြိုင်ခြုံဆွဲထားသလားမှတ်ရ** ၉၃

**၂၉။ လောက်စာတစ်ရာနဲ့တောင် အပေါင်မခံနိုင်** **၉၅**

၃၀။ ဆန်ကိုဒေါင်ပါသွင်းထားထား ၉၈

၃၁။ ဘောင်းဘီမြင်တိုင်း ဆရာခေါ်ရသူ ၁၀၁

၃၂။ ယုန်သူငယ် ဝပ်ဖို့တောင်မကျန် ၁၀၄

၃၃။ ထန်းလျက်လှည်း မိုးမိသလို ၁၀၇

၃၄။ ဝါးလုံးခေါင်း ဆင်တိုးမှတ်ရ **၁၀၉**

၃၅။ ဒိုးပတ်ခေါင်း **၁၁၁**

၃၆။ ဖိုးသူတော်တောင်ဝှေး ၁၁၄

၃၇။ ဒေဝဒတ်မြေမျိုတာထက် စိတ်ညစ်သူ ၁၁၇

၃၈။ တုတ်တစ်ချောင်းနဲ့ ကျီးခြောက်ရမလို ၁၂၁

**၃၉။** စာတိုက်ဗီရိုအောက်ကခြူးရုပ် ၁၂၅

**၄၀။ ဆံသဆိုင်ရှေ့** မဖြတ်ရဲပါ ၁၂၇

၄၁။ ဥမ္မာဒန္တီအိမ်ရှေ့ ရောက်နေသလိုပါပဲလား ၁၃၀

၄၂။ နှာနတ်သီး စက်သေနတ်မှန်သလားမှတ်ရ ၁၃၂

၄၃။ ဖားပြုတ်မတ်တတ်ရပ်သလို ၁၃၅

**၄၄။** မျောက်ကို ခြူဆွဲပေးသလို ၁၃၈

**၄၅။ အာခေါင်ငရဲမီးနဲ့** ထိုးလိုက်သလို ၁၄၂

၄၆။ အရှောင်အဝါမဲ့သူ ၁၄၄

၄၇။ ဆီမှုတ် ခွေးချီလာသလို ၁၄၇

၄၈။ ရှိမ္မကာငါးဆားနယ်မျက်လုံးလို ၁၄၉

လုတော်သား၏ **လျှပ်တစ်ပြက်စကားစု** ၁၅၁


## အမှာစာ

ဦးပေါ်ဦးသည် အောင်မြေလောကစေတီတော် ဒါယကာ အမရပူရ ပထမမြို့တည် နန်းတခုပ် ဘိုးတော်မင်းတရားကြီးရဲ့ ရွှေလက်ထက်တော်၊ မဟာဝိယရံသီ စေတီတော်ကြီး ဒါယကာ ဘကြီးတော်မင်းတရားကြီးရဲ့ ရွှေလက်ထက်တော်၊ လောကမဏိစူဠာဇောင်းကလော ကန်ဦးစေတီတော်ကြီး ဒါယကာ ရွှေဘိုမင်းတရားကြီးများ၏ မင်းသုံးဆက်လက်ထက်၌ ခံစားထမ်းရွက်ခဲ့သော ပညာရှိအမတ်ကြီးတပါး ဖြစ်ပါသည်။

ဘိုးတော်ဦးဝိုင်းအကြောင်းကို ဆက်လက်တင်ပြလိုပါသည်။ ဘိုးတော်ဦးဝိုင်း ဘုရင့်ဘွဲ့က ဒိတျာမိပတိပဏ္ဍိတ **မဟာဓမ္မရာဇာဓိရာဇာ** ဖြစ်ပါသည်။ မြန်မာသက္ကရာဇ် **၁၁၀၆ ခုနှစ်မှာ** ဘုရင်အဖြစ်ရောက်ရှိပြီး (၃၇) **နှစ်ကျော်**ကျော် စံစားပါတယ်။ မြန်မာသက္ကရာဇ် ၁၁၈၁ ခုနှစ်၊ အသက် ၇၅ နှစ်နဲ့ ၂ လမှာ ကွယ်လွန်ခဲ့ပါတယ်။ ဘိုးတော်မင်းတရားဟာ အမရပူရ ပထမမြို့တည် နန်းတည်မင်းတရားဟု **ခေါ်ကြပါသည်။** ဦးပေါ်ဦးကတော့ ဘုရင်မင်းမြတ်ရဲ့ **အိမ်တော်** ငယ်ကျွန်ပျော်တော်ဝန်အဖြစ် ပြောခဲ့တာတွေ **တင်လျှောက်တာတွေထဲမှာ** တချို့တစ်ဝက်ပဲ ဖြစ်ပါသည်။ **ဦးပေါ်ဦး ပြောခဲ့ဆိုခဲ့တာတွေ၊** ဆုံးဖြတ်ခဲ့တာတွေ ဆောင်

ရွက်ခဲ့တာတွေကို ဦးပေါ်ဦး ကားအဖြစ် တင်ဆက်လိုက်ပါသည်။ ဦးပေါ်ဦးသည် စကားအရာမှာ ချက်ချာသွက်လက်၊ ဟာသဉာဏ်လည်းရှိတယ်လို့ လူအတော်များများ အသိအမှတ်ပြုထားကြပါသည်။ ဉာဏ်ကောင်းလွန်းပြီး စကားကို တန်ကုပ္ပတ္တိဉာဏ်နဲ့ ပြောတတ်ပြီး စကားအရာမှာတော့ စံတင်လောက်ပါတယ်။

ဦးပေါ်ဦးသည် သူသေတဲ့အခါ မသာခေါင်းရဲ့ အပြင်ကို လက်တစ်ဘက်ထုတ်ပြီး သင်္ဂြိုလ်စေခဲ့ပါတယ်။ ဒီလို ထူးခြားချက်ကြောင့် ဦးပေါ်ဦး ပညာရှိကြီးအဖြစ် ထင်ရှားစေခဲ့ပါတယ်။ အမတ်ကြီးသည် အခြွေအရံ၊ ပစ္စည်းဥစ္စာတွေ အဆောင်အယောင်တွေ ဘယ်လောက်ပေါပေါ သေတဲ့အခါ ဘာမှ မပါသွားဘူး၊ သေရာကို ပါသွားမယ့် ဒါန၊ သီလ၊ ဘာဝနာများကို ပွားများ၊ ဆည်းပူး၊ ကျင့်ကြံအားထုတ်ကြပါဟု သေရာကတောင် တရားပြသွားတဲ့ ပညာရှိကြီး ဖြစ်ပါသည်။

နေဘုန်းဝေ

နိဒါန်း

(သို့မဟုတ်)

အလှတော၊ လှတော

(၁)

လှတောရွာသည် ဝက်လက်မြို့အတွင်း၌ ရှိ၏။

စင်စစ် လှတောရွာပြောင်းလဲမှု သမိုင်းစဉ်ကလည်း စိတ်ဝင်စားစရာကောင်းသည်။

သမိုင်းစဉ်နှင့် ရွာရှိသည့်ရွာဟု ဆိုရမည်။

ပုဂံမင်း (၅၁)ဆက်မြောက်၊ ကျစွာမင်းကြီးလက်ထက် မြန်မာသက္ကရာဇ် (၅၉၀)ကျော်လောက်တွင် တောင်သူလယ်သမားအချို့သည် 'အမတ်လှ'၏ ယာတောတွင် ယာလုပ်ငန်း သွားရောက်လုပ်ကိုင်ရာမှ တစ်တစ်စ ထိုယာတောသို့ မိသားစုအလိုက် ပြောင်းရွှေ့နေထိုင်ကြသည်။



ယင်းသို့ 'အမတ် တော'တို့ ပြောင်းရွှေ့နေထိုင်စားသောက်ကြသော တောင်သူလယ်သမားများရှိရာသို့ အခြားတောင်သူလယ်သမားမိသားစုများ ပြောင်းရွှေ့နေထိုင်ရာမှ 'အမတ်လှတော'ဟု မည်တွင်လာ၏။

သို့နှယ်ပင် တစ်တစ်စ ကာလရွေ့လျားလာသောအခါ 'အမတ်လှတော'မှ 'အလှတို့တော'ဖြစ်လာပြန်၏။ ထို့အတူ 'အလှတို့တော'မှ တဖြည်းဖြည်း 'လှတော'ဟု ခေါ်ခဲ့သလို ယခုအခါတွင် 'လှတောရွာ'ဟု အမည်တွင်လာ၏။

သို့သော် ထိုစဉ်ကမူ လှတောရွာသည် အိမ်ခြေ၊ ယာခြေ သိပ်များဟန်မရှိ။ ဇနပုဒ်သာသာရှိမည်တူ၏။

သို့စေကာမူ ကုန်းဘောင်ခေတ်သို့ ရောက်သောအခါတွင်မူ လှတောရွာသားများသည် မင်းပေါက်စိုးပေါက်ဖြစ်ခဲ့၏။ မြန်မာ့သမိုင်းစဉ်ကို ပြန်ကြည့်လျှင် 'ဗိုလ်ရွှေဖျင်'သည် ပုဂံမင်းလက်ထက်မှ သီပေါမင်းလက်ထက်ထိ စစ်မှုထမ်းခဲ့သူတစ်ဦးဖြစ်၏။

သို့နှယ်ပင် 'ဦးထွန်း'ဆိုသည့် ပုဂ္ဂိုလ်သည်လည်း မင်းတုန်းမင်းလက်ထက်တွင် လက်ဖက်ရည်တော်သားဖြစ်ပြီး သီပေါမင်းလက်ထက်သို့ ရောက်သောအခါ 'ဘိုဝက်လက်' မြင်းတပ်မှ မြင်းစာရေးဖြစ်ခဲ့၏။

ဤကဲ့သို့ပင် လှတောသားများသည် မင်းအဆက်ဆက်တွင် မင်းမှုထမ်းများဖြစ်ခဲ့ပြီး မင်းပေါက်စိုးပေါက်အဖြစ် ဝံ့ထည်ခဲ့၏။



(၂)

လှတောရွာ၏ တည်ပုံက ရွှေဘို၊ စစ်ကိုင်း ကားလမ်းပေါ်တွင်ရှိ၏။ စစ်ကိုင်းနှင့် (၅၈)မိုင်ဝေးသည်။ ကားလမ်း၏ ယာဘက်တွင်ရှိသည်။ စစ်ကိုင်းနှင့် ရွှေဘို၊ ဝက်လက် လမ်းဆုံးအနီးတွင် တည်သောရွာဖြစ်၏။

လှတောရွာ၏ အနောက်ဘက် (၄)ဖာလုံခန့်အကွာတွင် 'ရွှေကျင်သာသနာပိုင် ဆရာတော်ကြီး'၏ မွေးရာဇာတိ ရွှေကျင်မြို့ရှိ၏။ တောင်ဘက်တွင် သီပေါမင်းလက်ထက် ကောလင်းမြို့စား မဟာမင်းခေါင်နော်ရထာ (ရွှေကံဗိုလ်) (ငယ်မည် မောင်ချိတ်)၏ဇာတိ ကျီးကန်းရွာရှိ၏။

လှတောရွာသည် ဟိုယခင်က ဆည်မြောင်းတာတမံ မရှိသော်လည်း ရေခံမြေခံကောင်း၏။ ဗြိတိသျှခေတ် ၁၉၀၆ ခုနှစ်၊ ၁၉၀၇ ခုနှစ်မှစ၍ စီမံကိန်း စတင်အကောင်အထည်ဖော်လာရာ ကာဘိုးဆည်ကြီးအား တည်ဆောက်နိုင်ခဲ့၏။

ထိုမှစ၍ လှတောရွာအနီးတွင် ဆည်မြောင်းများ၊ တူးမြောင်းများ များစွာပေါ်ပေါက်ခဲ့၏။ ထိုအခါမှစ၍ ယာခင်းလုပ်ငန်းမှ လယ်ခင်းလုပ်ငန်းသို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့ရာ ယခုအခါတွင် အလွန်တရာ သဘာဝကျသည့် ရွာကြီးတစ်ရွာဖြစ်လာခဲ့၏။

လှတောရွာသည် အိမ်ခြေ (၄၆၀)ကျော်ရှိရာမှ ယခုဆိုလျှင် တစ်နှစ်နှင့် တစ်နှစ် မတူအောင် အိမ်ခြေများ တိုးပွားလာ၏။ အညာမြို့ကလေး တစ်မြို့နှယ်ပင် စည်ကားလာ၏။

ဝက်လက်မှ သွားသည့် ကားဂိတ်ရှိသည်။

အလယ်တန်းကျောင်း၊ ဆေးပေးခန်း၊ ကုန်စုံဆိုင်တို့ ရှိခဲ့သည်။ လှတောရွာသည် ကောက်ပဲသီးနှံ ဖွံ့ဖြိုးသည့်ရွာ တစ်ရွာဖြစ်သကဲ့သို့ အလှူအတန်းနှင့် ကုသိုလ်ဒါနပြုကြသည် မှာ အုံမခန်းပင်။

လှတောရွာသားများသည် ပျော်ပျော်ပါးပါး နေတတ်ကြ၏။

နွေရာသီ အားလပ်ရက်များတွင် လှတောရွာသားများ သည် ကားဂိတ်၊ လက်ဖက်ရည်ဆိုင်များတွင် စုဝေးကြပြီး တစ်ဦးကိုတစ်ဦး ဥပမာစကားများဖြင့် နောက်ပြောင်ကျီစယ် ကြ၏။

ဥပမာပေးရာတွင် နာမည်ကျော်သဖြင့် လှတောသား စကားဟု ဖြစ်လာ၏။ ရှေ့ယခင်က ချီပါသား၊ ပခန်းသား၊ စကားကပ်ပြောဆိုခြင်းဖြင့် နာမည်ကျော်ကြီးသကဲ့သို့ လှတော ရွာသားတို့ စကားကလည်း အလင်္ကာမြောက်လှ၏။

ထင်ရှားကျော်ကြားခဲ့၏။

သို့ဖြင့် လှတောရွာသား စကားကို နားနှင့်ကြားဘိသို့ ဥပမာပေးမှုများနှင့် အတတ်နိုင်ဆုံး ကြိုးစားရေးသားရပေ သည်။

(စာရှုသူများရွှင်လန်းပါစေ)

နေဘုန်းဝေ

# အပိုင်း (တစ်)
# ဦးပေါ်ဦး ပုံပြင်ဟာသများ



## ဉာဏ်တုံးသော နွားကျောင်းသား

တစ်ခါသောအခါ အမရပူရမြို့ နန်းတည်ဘဝ ဘိုးတော် ဘုရားသည် စာကြည့်ရာမှ ပဋိစ္စသမုပ္ပါဒ်တရားတော်လာ အဝိဇ္ဇာယ ပစ္စယာသင်္ခါရာ ဟူသော စကားကို ယုံမှားခြင်း ဖြစ်လေသည်။ အဝိဇ္ဇာပစ္စယာသင်္ခါရာဟု ဆိုရာတွင် အဝိဇ္ဇာ (အကုသိုလ်)ကြောင့် သင်္ခါရာ(ကုသိုလ်)ဖြစ်သည်ဟု ဟော တော်မူရာ ရောက်နေပေသည်။ ထို့ကြောင့် မိမိမရှင်းမလင်း ဖြစ်နေသောအကြောင်းကို ခွဲခြမ်းစိတ်ဖြာသိလို၍ ညီလာခံတွင် ဦးပေါ်ဦးကို မေးတော်မူလေသည်။

ထိုအခါ ဦးပေါ်ဦးက ယမိုက်-ကစွည်း သဒ္ဒါကြီး အဌကထာကျမ်း၊ ဋီကာကျမ်းများကို ကိုးကား၍ မြတ်စွာ ဘုရားသည် အဝိဇ္ဇာဟူသော နွံတွင်းမှ အရဟတ္တမဂ်ဉာဏ် ဟူသော နေမင်းနှင့်ပေါင်းဖက်၍ ကြာအသွင် ပွင့်လန်းလာပါ သည်။ ထိုကြာပန်းသည် နွံနံ့ကင်းသကဲ့သို့ ဘုရားရှင်သည်

လည်း ကိလေသာကင်းလေသည်။ ထို့ကြောင့် ကိလေသာ တည်းဟူသော အနံ့ဆိုးတို့ကို ပျောက်ကင်းအောင် ကုပေးနိုင် သော ဆရာအဖြစ်ခံယူနိုင်သော ဘုရားရှင်ဖြစ်ပါကြောင်း ဘိုးတော်ဘုရားအား လျှောက်ထားရာ ယုံမှားသံသယကင်း သွားစေနိုင်ခဲ့သည်။

ဦးပေါ်ဦး လျှောက်တင်ရှင်းလင်း သံတော်ဦးတင်ရာ တွင် ဘုရင်က 'ပေါ်ဦးလျှောက်တင်သော စကားသည် ဥပမာ များနှင့်ပြည့်၍ တရားသဘောကို သိသာထင်ရှားပါပေတယ်' ဟု မိန့်ဆိုလိုက်သည်။ ဦးပေါ်ဦးက-

'မှန်လှပါ… တရားဆိုတာ ဘုရားဟောတော်မူသော တရားတော်၏ အနှစ်သာရကို စဉ်းစားဆင်ခြင်၍ ဉာဏ်ကျက် စားတော်မူသင့်ပါသည်။ ထိုသို့မဟုတ်လျှင် ဉာဏ်မသွား၊ ဉာဏ်ကို အတုံးလိုက်သုံးသောနွားကျောင်းသားကဲ့သို့ ဖြစ်တတ် ပါ၍ ဝေဖန်သုံးသပ်သင့်ပါသည်ဘုရား' ဟု သံတော်ဦးတင် လေသည်။ ထို့ကြောင့် ဘဝရှင်မင်းတရားကြီးက-

'ဟဲ့… ပေါ်ဦး၊ နွားကျောင်းသားသည် ဘယ်ကဲ့ သို့ ဉာဏ်အတုံးလိုက်သုံးသလဲ၊ ရှင်းစမ်း… မောင်မင်း' ဟု ပြောတော်မူလေ၏။

'မှန်ပါဘုရား… တစ်ခါက နွားကျောင်းသားတစ်ဦး သည် နွားကျောင်းရာ နွားစားကျက်အနီး ကျောက်ဖျာကြီး တစ်ခုအနားသို့ ရောက်ရှိလာသည်။ မိုးတွင်းဖြစ်သဖြင့် သမင် တစ်ကောင်၏ ကျောက်ဖျာကို ကျော်ဖြတ်၍ အသွားအပြန်



ခြေရာများကိုတွေ့သည်။ ထိုအခါ နွားကျောင်းသားက စဉ်းစား သည်မှာ သမင်တို့သည် မိုးတွင်းအခါ၌ မြေတွင်းအောင်းသည် ဟု တွေးမိလေသည်။ ငါ ယခုအခါ ကျောက်ဖျာထက်မှကြည့် ရာ အရှေ့ဘက်မှလာသော သမင်သည် ကျောက်ဖျာသို့ ချက်နှာမူ၍လာကြသည်။ အနောက်မှလာသော သမင်သည် လည်း ကျောက်ဖျာသို့ လာဟန်တူသည်။ ထို့ကြောင့် ခြေရာ နှစ်ခုသည် ကျောက်ဖျာတွင် လာဆုံ၍ ကျောက်ဖျာအောက် သို့ ဝင်သွားကြသည်ဟု စဉ်းစားကာ ကျောက်ဖျာကိုဖြို၍ သမင်နှစ်ကောင်ကို ဖမ်းစားမည်ဟု တွေးကာ ကျောက်ဖျာ ကို ဖြိုလေသည်။

ထိုအခါ ဆွမ်းခံလာသော ကိုရင်တစ်ပါးက မြင်၍ မေးရာ နွားကျောင်းသားက မိမိအကြံကို ရှင်းပြလေသည်။ ၊ားကျောင်းသား၏အဖြေကို ကြားသော သာမဏေသည် ၊က်ဟက်ပက်ပက်ရယ်မောလေသည်။ ထိုအခါ နွားကျောင်း သားက ကိုရင် ကျွန်ုပ်၏လုံ့လကို ဘာကြောင့်ရယ်မောသနည်း ု မေးလေသည်။ ကိုရင်က နွားကျောင်းသား သမင်တို့ ည် မြေတွင်းအောင်းသော ထုံးစံရှိသလား။ အရှေ့အရပ်မှ ာသော သမင်သည် ကျောက်ဖျာကိုဖြတ်၍ အနောက်အရပ် ို့သွားခြင်းဖြစ်သည်။ ကျောက်ဖျာထက်မှ သမင်ခြေရာကို န်းဆခြင်းဖြင့် သိသင့်သည်။ ထိုသို့ မတွေးတောခြင်းကြောင့် မိဉာဏ်ကို တုံးစေရန် ခန္ဓာကိုယ်ကို မောပန်းစေသည်ဟု ပြာလေသည်။



ထိုအခါမှ နွားကျောင်းသားသည် ရှက်၍ 'ကိုရင် သည် ကျွန်ုပ်၏ ဆရာဖြစ်ပါသည်။ ကျွန်ုပ်သည် ကိုရင်ကဲ့သို့ တတ်မြောက်လိုပါသည်ဟုပြော၍ ကိုရင်နောက်သို့ လိုက်၍ စာသင်ကြားပါသည်'

ဟူ၍ ဉာဏ်အတုံးလိုက်သုံးသော နွားကျောင်းသား အကြောင်းကို လျှောက်တင်လေသည်။

ဦးပေါ်ဦး၏ စကားဥပမာကို ကြားရသော ရှင်ဘုရင် လည်း ပြုံးတော်မူလေသည်။ ထို့နောက် ညီလာခံကို သိမ်း တော်မူ၍ 'အင်း… နွားကျောင်းသားလည်း ညောင်းတော် မူပြီ မောင်မင်းများ' ဟု မိန့်တော်မူပြီး အတွင်းတော်သို့ ဝင်သွား လေသည်။

ရှင်ဘုရင်မင်းတရားကြီး အတွင်းတော်သို့ ဝင်သော အခါ မှူးမတ်များသည် တသောသောရယ်မောကြလေသည်။ ဦးပေါ်ဦး၏ စကားပရိယာယ်ကြွယ်ဝပုံမှာ အံ့သြချီးမွမ်းပါပေ သည်။

■

## ယုန်ကလေး နာစေးနေတယ်

တစ်ခါသော် ဘိုးတော်ဦးဝိုင်းတွင် မြေးတော်နှစ်ပါး ရှိလေသည်။ မြေးတော်အကြီးမှာ စစ်ကိုင်းမင်းဖြစ်ပြီး မြေး တော်အငယ်မှာ သာယာဝတီမင်းဖြစ်လေသည်။ ထိုမင်းနှစ်ပါး အနက် မည်သူကို အိမ်ရှေ့အရာပေးသင့်သည်ကို စဉ်းစားတော် မူ၍ ညီလာခံ၌ မှူးမတ်များကို မေးတော်မူလေသည်။

'မောင်မင်းများ… ငါကိုယ်တော်၏ မြေးတော်နှစ်ပါး အနက် မည်သူက ငါ၏ထီးနန်းအရိုက်အရာကို အရှည်တည်တံ့ အောင် အုပ်ချုပ်နိုင်ပါမည်နည်း။ ထီးနန်းအရိုက်ရာကို အရှည် တည်တံ့အောင် စွမ်းဆောင်နိုင်သူကို ဥပရာဇာဘိသိက်သွန်း တော်မူလိုတယ်' ဟု မိန့်တော်မူလေသည်။

မှူးမတ်များသည် မည်သူကို နန်းတင်သင့်သည်ကို မပြောရဲဘဲရှိနေသည်။ အကြောင်းမှာ တစ်ဦးကိုခစားလျှင် တစ်ဦးက အမျက်တော်ရှ၍ နှိပ်စက်ညှဉ်းပန်းသောကြောင့် ဖြစ်သည်။ ထိုအကြောင်းကို ဘိုးတော်ဦးဝိုင်း သိတော်မူသော အခါ ရဲရဲဝံ့ဝံ့ လျှောက်တင်ဝံ့သော ဦးပေါ်ဦးကိုသာ မေးတော်





မူလေသည်။ ထို့ကြောင့် ညီလာခံတွင်-

'ဟဲ့… ပေါ်ဦး'

'မှန်လှပါ… ခစားလျက်ရှိကြောင်းပါ ဘုရား'

'မောင်မင်း ငါကိုယ်တော်မြတ် အသက်အရွယ်ကြီး ရင့်လာပြီ၊ အကယ်၍ မထင်မှတ်ဘဲ ငါ ကွယ်လွန်တော်မူခဲ့သော် နိုင်ငံတော်ကြီး တကွဲတပြားဖြစ်မည်ကို စိုးရိမ်တော်မူလှတယ်။ ဒါကြောင့် မြေးတော်နှစ်ပါးအနက် တစ်ပါးကို အိမ်ရှေ့ဥပရာဇာ အပ်နှင်းထားတော်မူချင်တယ် မောင်မင်း၊ ထိုအတွက်ကြောင့် မြေးတော်နှစ်ပါးအနက် မည်သူသည် အိမ်ရှေ့ဥပရာဇာနှင့် သင့်လျော်ကြောင်း သံတော်ဦးတင်စမ်း မောင်မင်း'

ဘိုးတော်ဦးဝိုင်း၏ အမေးကို ကြားသောအခါတွင် ဦးပေါ်ဦးသည် စဉ်းစားတော်မူလေသည်။ 'ငါ မဆင်မခြင် လျှောက်ထားလိုက်လျှင် ငါပဲ ဒုက္ခရောက်နိုင်ပေသည်။ ထို့ကြောင့် မင်းကြီးနားဝင်အောင် ဥပမာပုံပြင်ပေး၍ ဖြေကြားမှ သင့်တော်မည်ဟု စဉ်းစား၍ ယုန်ကလေးနှာစေးနေသည် ဥပမာပုံပြင်ကို ဘိုးတော်ဦးဝိုင်းအား လျှောက်ထားလိုက်လေသည်။ ဦးပေါ်ဦး၏ လျှောက်ထားချက်မှာ 'ရှေးရှေးတုန်းက ဘုရား… ဟိမဝန္တာတောတွင် တောသုံးထောင်ကို အုပ်စိုးသော ခြင်္သေ့မင်းသည် ပတ္တမြားရွှေဂူတွင်စံတော်မူလျက် လက်ဝဲနံပါးမှ ဝက်ပျံတစ်ကောင်၊ လက်ယာနံပါးမှ သမင်တစ်ကောင်၊ ရှေ့တူရူမှ ယုန်တစ်ကောင် ထိုသုံးဦးတို့ကို သက်တော်စောင့်



ခန့်၍ အိပ်လေ၏။ ခုနစ်ရက်ကြာသောအခါ ခြင်္သေ့မင်းသည် အိပ်ရာနိုးထ၍ ကိုယ်လက်တို့ကို ဆန့်တန်း၍ လက်ယာဘက်သို့လှည့်၍ သမ်းလေသော် လက်ယာဘက်မှ ခစားသော သမင်သည် ခြင်္သေ့မင်း၏ခံတွင်းမှ အနံ့အသက်တို့ကြောင့် နောက်သို့ အနည်းငယ်ဆုတ်၍ ခစားလေသည်။ ထိုအခါ ခြင်္သေ့မင်းက-

'ဟဲ့… သမင်ငယ်၊ ငါ၏ ခံတွင်းရနံ့သည် မွှေးသလော၊ နံသလော' ဟု မေးတော်မူလေသည်။

သမင်လည်း ကြောက်လန့်၍ 'အရှင်ကေသရာဇာ ခြင်္သေ့မင်း၏ ခံတွင်းတော်သည် အင်မတန် သင်းပျံ့မွှေးကြိုင်၍ ကြာညိုနံ့ မွှေးလျက်ရှိပါသည်ဘုရား'ဟု လျှောက်လေသည်။ ခြင်္သေ့မင်းသည် အမျက်ပွား၍ ဤသမင်သည် အမှန်ကို မတင်လျှောက်ပေ။ ခုနစ်ရက် အိပ်ပျော်သဖြင့် အညီ့အဟောက်ကို စားချင်တိုင်းစားပြီး ပုပ်ချင်တိုင်းပုပ်ဟောင်နေသော ခံတွင်းကို မွှေးလှသည်ဘုရား' ဟု မမှန်မကန် လျှောက်တင်သည်ဟုဆို၍ လည်ကုပ်မှဆွဲယူ၍ တကျွတ်ကျွတ် ဝါးစားလေ၏။

ထို့နောက် လက်ဝဲဘက်သို့လှည့်၍ သမ်းပြန်လေသော် လက်ဝဲဘက်တွင် ခစားလျက်ရှိသော ဝက်ပျံသည်လည်း ခြင်္သေ့မင်း၏ ခံတွင်းမှ အနံ့အသက်တို့ကြောင့် နောက်သို့ အနည်းငယ်ဆုတ်၍ ခစားပြန်လေ၏။ ထိုအခါ ခြင်္သေ့မင်းသည် ထိုနည်းအတိုင်းမေးသော် တောဝက်ပျံသည် ဤသို့စဉ်းစား၏။ လက်ယာဘက်မှ ခစားသော သမင်သည် သားများသခင် ခြင်္သေ့မင်းသည် မှသားပြောသည်ကို မကြိုက်၊ အမှန်ကို



ကြိုက်တော်မူသည်ကို မင်းခစားလုပ်ပြီး သင်း မသိလေတကား။ မဟုတ်မမှန်ပြော၍ အစားခံရခြင်းဖြစ်ပေသည်။ ထို့ကြောင့် ငါသည် အမှန်ကို သံတော်ဦးတင်မှဖြစ်မည်ဟု ကြံပြီး လျှောက်တင်လေသည်။

'မှန်လှပါ… ခြင်္သေ့မင်း၏ ခံတွင်းတော်သည် များစွာသောအသားတို့ကိုစား၍ နေ့များကြာရှည် စက်တော်ခေါ်ထားသဖြင့် ကျွန်တော်မျိုးနှာခေါင်းဝယ် သည်းမခံနိုင်လောက်အောင် နံပါသည်ဘုရား' ဟု လျှောက်ထားလေသော် ခြင်္သေ့မင်းသည် ဒေါသအမျက်ထွက်၍ ငါကဲ့သို့သော သားများရာဇာကို ပမာမခန့် မကြောက်မရွံ့ဘဲ ငါ့ခံတွင်းကို ပုပ်သည် နံသည်ဟု ထင်ရသလောဟုဆိုပြီး ဝက်ပျံလည်ကိုဆွဲ၍ တကျွက်ကျွက် ဝါးစားလေ၏။

ထို့နောက် ခြင်္သေ့မင်းသည် ရှေ့တူရူမှ ခစားသော ယုန်ငယ်ဘက်သို့လှည့်၍ သမ်းပြန်လေ၏။ ဤသို့သမ်းလေသော် ယုန်ငယ်လည်း ရှေးနည်းအတိုင်း နောက်သို့အနည်းဆုတ်၍ ခစားပြန်လေ၏။ ထို့သို့ နောက်ဆုတ်၍ ခစားသည်ကို ခြင်္သေ့မင်းမြင်သော် ခြင်္သေ့မင်းသည် ရှေးနည်းအတိုင်း မေးမြန်းသဖြင့် ယုန်ငယ်သည် ဤသို့တွေးတောလေသည်။ လက်ယာဘက်မှ သမင်သည် ကြာညိုနံ့သင်းသည်ဟု ထင်မိသောကြောင့် အစားခံရလေသည်။ လက်ဝဲမှ ဝက်ပျံသည် ညီစော်ပုပ်စော်နံသည်ဟု ထင်သဖြင့် အစားခံရချေပြီ။ ငါသည် မည်သို့ သံတော်ဦးတင်ရမည်နည်းဟု ကြံစည်တွေးတော

စဉ်းစား၍ ဤသို့တင်လေသည်။

"မှန်လှပါ… သားများသခင် ခြင်္သေ့မင်းကြီး၏ခံတွင်းနံ့ကို အားထုတ်၍ရှူရှိုက်ပါသည်ဘုရား၊ သို့သော် ကျွန်တော်မျိုးသည် နှာစေးနေပါသဖြင့် မည်သည့်အနံ့မှ မရကြောင်း သံတော်ဦးတင်ပါသည်ဘုရား" ဟု လျှောက်လေသည်။ ခြင်္သေ့မင်းသည် ယုန်ငယ်၏ လျှောက်ထားချက်ကြောင့် မည်သို့မျှ မတတ်နိုင်ချေ။ ထို့ကြောင့် ယုန်ပညာရှိသည် သေဘေးမှ လွတ်ကင်းသွားကြောင်း လျှောက်ထားအပ်ပါသည် အရှင်မင်းကြီးဘုရား"

"ဟဲ့… မောင်မင်း ဥပမာပုံပြင်က ဘာကိုဆိုလိုတာလဲ ပေါ်ဦးရဲ့"

"မှန်လှပါ… ရှင်မင်းတရားကြီးရဲ့ မြေးတော်နှစ်ပါးပေါ် ဝေဖန်၍ သံတော်ဦးတင်ရမည်ဟူသော အမေးတော်ကို ကျွန်တော်မျိုး ပေါ်ဦး ဖြေဆိုတော်မူလိုသဖြင့် ကြိုးစားစဉ်းစားပါသော်လည်း ကျွန်တော်ဦးပေါ်ဦးတွင် နှာစေးနေပါ၍ မလျှောက်တင်တတ်ကြောင်း ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား" ဟု လျှောက်ထားလေ၏။

ထိုအခါ ဘုရင်မင်းတရားကြီးနှင့် မှူးမတ်တို့သည် သဘောပေါက်လျက် တသောသော ရယ်မောကြလေ၏။ ဘုရင်မင်းမြတ်လည်း ပြာသာဒ်တော်ပေါ်မှ ပြုံးတော်မူ၍ မှန်နန်းတော်ဆောင်သို့ ဝင်တော်မူလေသတည်း။

■

## သိကြားပေါက်

ဘိုးတော်မင်းတရားကြီးသည် တစ်မနက်တွင် ဘုံကိုးဆင့်ရှိသော မြေနန်းပြာသာဒ်တော်ကြီး၏ ဒုတိယဘုံဆင့် ပြတင်းပေါက်မှ ရှုစားတော်မူရင်း အကြံတော်ပေါ်သည်နှင့် ညီလာခံတွင် ဦးပေါ်ဦးကို အမိန့်တော်ရှိသည်မှာ-

"ဟဲ့… ပေါ်ဦး၊ ရှေးမင်းအဆက်ဆက်မှ ယခုထက်ထိတိုင် မြေနန်းပြာသာဒ်တော်၏ ဒုတိယဘုံအဆင့်ရှိ ပြတင်းပေါက်ကို ဘာကြောင့် သိကြားပေါက်ဟု ခေါ်တွင်ကြောင်း လျှောက်ထားရမည်" ဟု မိန့်ကြားတော်မူသော် ဦးပေါ်ဦးက-

"မှန်လှပါဘုရား… ဒုတိယဘုံအဆင့်၏ ပြတင်းပေါက်ကို ရှေးမင်းများအဆက်ဆက်က သိကြားပေါက်ဟု ခေါ်တွင်ခဲ့သည်မှာ ရှေးဘုရင်မင်းမြတ်တို့တွင် မင်းကျင့်တရား (၁၀)ပါးကို မကျင့်သုံး။ လောကဓမ္မရာဇာဟူသော အကြောင်းသုံးပါးကို ကင်းမဲ့ညှိုးဖျင်း၍ မင်းတို့အုပ်စိုးသောအခါ သိကြား





မင်းသည် မနေနိုင်၍ ဒုတိယဘုံဆင့်ပြာသာဒ်ပြတင်းပေါက်မှ ရောက်လာပြီး တရားဟောပြ ဩွာဒ်ကြားသဖြင့် သိကြားမင်းကြွလာသည့် ပြတင်းပေါက်ကို သိကြားပေါက်ဟု ခေါ်တွင်တာဖြစ်ကြောင်းပါဘုရား"

ဘိုးတော်မင်းတရားကြီးက တအံ့တသြ ငေးမောနားထောင်ရင်း-

"သိကြားမင်းလာရောက်တရားပြတဲ့ (သိကြားပေါက်) လို့သာဆိုတယ်၊ ငါအရှင် စိုးစံအုပ်ချုပ်တော်မူသည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပါပြီ။ သိကြားမင်း တစ်ခါမှ ပေါ်မလာပါလား ဦးပေါ်ဦးရဲ့"

ဦးပေါ်ဦးတော့ အဖြေကျပ်ပြီဟု ဘိုးတော်မင်းကြီးက ထင်ပြီး ပြုံးတော်မူလေသည်။ ဉာဏ်ထက်မြက်သော ဦးပေါ်ဦးက ထူးထူးထွေထွေစဉ်းစားမနေဘဲ ပြန်လည်လျှောက်တင်လိုက်သည်မှာ-

"မှန်လှပါ… အရှင်မင်းကြီးသည် မင်းကျင့်တရား (၁၀)ပါးနှင့်အညီ အုပ်ချုပ်သည်မှာ တိုင်းသူပြည်သားသာမကနတ်သိကြားများပင် သိကြပါသည်။ သိကြားမင်း တရားပြသည်မှာ မင်းဆိုးမင်းညစ်တို့ကိုသာ တရားရစေရန် ပြလေ့ရှိပါသည်။ ရှင်မင်းကြီးက (သိကြားပေါက်)သို့ သိကြားမင်းပြူငှာစေလိုလျှင် မင်းဆိုးမင်းညစ်များကဲ့သို့ ကျင့်ကြံတော်မူပါလျှင် မကြာခင် သိကြားမင်းကြွ၍ တရားပြလာပါလိမ့်မည်ဘုရား" ဟု လျှောက်ထားသောအခါ ဘိုးတော်မင်းတရား

ကြီးသာမက ညီလာခံတစ်ခုလုံး တသောသော ရယ်မောကြလေသတည်း။ ဘိုးတော်မင်းတရားကြီးက 'ပေါ်ဦး မောင်မင်းသိကြားမင်း ငါ့ဆီမလာချင်နေပါစေ၊ ရာဇဝင်မှာ နာမည်ပျက်မခံပါရစေနဲ့' ဟု ရယ်သွေးမိန့်ကြားရင်း ညီလာခံကို ရုပ်သိမ်းလေသတည်း။

■

## ဦးပေါ်ဦးနှင့် သားအဖနှစ်ဦးပုံပြင်

ဘိုးတော်မင်းတရားကြီးက 'ဘုရားကိုဖျက်သူကမင်းကြီး၊ စေသူက ကိုယ်တော်၊ အပယ်လားလျှင် မည်သူကခံမည်နည်း' ဟူသောအမေးကို ဦးပေါ်ဦးက အချက်အလက်ပြည့်စုံစွာ လျှောက်တင်သည်မှာ-

'ဘုန်းတော်ကြောင် ယခု ဘဝရှင်မင်းတရားကြီးမေးတော်မူသည့်အမေးကို ရှေးက သားအဖနှစ်ဦးပုံပြင် ဥပမာထား၍ လျှောက်တင်ပါမည်ဘုရား' ဟု လျှောက်ထားလေသည်။

ဘိုးတော်မင်းတရားကြီးကလည်း 'သားအဖနှစ်ဦးပုံပြင်ကို နားဆင်ပါရစေ ပေါ်ဦး' ဟု အမိန့်ရှိလျှင် ဦးပေါ်ဦးက-

'မှန်လှပါဘုရား... ရှေးရှေးက သားအဖနှစ်ဦးရှိကြပါတယ်ဘုရား၊ သားဟာ ပျော်ရွှင်တတ်ပြီး သူတစ်ပါးကိုစနောက်ပြောဆိုတတ်တဲ့ ဝါသနာရှိပါသည်။ တစ်နေ့သောအခါ





သားအဖနှစ်ဦး ခရီးသွားကြရာ အပျိုတော်တစ်ယောက် လမ်းလျှောက်သွားတာနဲ့ တွေ့ပါတယ်၊ အပျိုတော်ကို သားကမြင်လျှင် 'အဖေရယ်... ရှေ့ကသွားနေတဲ့ အပျိုတော်ကို ရယ်မောရအောင် စ,နောက်ချင်တယ်' ဟု ပြောလျှင် အဖေက 'ငါ့သားသူတစ်ပါးကို မစ,နောက်ချင်ပါနဲ့၊ မတော်လို့ သူတစ်ပါးကပြန်ပြောလျှင် အရှက်ရတတ်တယ်' ဟု တားမြစ်လေသည်။

'မစိုးရိမ်ပါနဲ့ အဖေရယ်၊ ဒီအပျိုတော်ကို ကျွန်တော်အနိုင်ရအောင် ပြောပါမယ်' ဟု ပြောရင်း သားက-

'အဖေရယ်... ကြည့်စမ်းပါ၊ ရှေ့ကသွားတဲ့မိန်းကလေးက လှချင်ရက်သားနဲ့ ခြေသလုံးဖျက်လို့ အကြည့်ရဆိုးလိုက်တာ' ဟု မကြားတကြား ပြောလိုက်သည်။

ထိုစကားကို မိန်းကလေးကြားလျှင် ဆတ်ခနဲလှည့်ကြည့်၍ ရန်တွေ့လိုက်သည်မှာ-

'ကျုပ်ခြေသလုံးကို မောင့်ပခုံးနဲ့ ထမ်းနေရလို့ မောင်က ပြောနေတာလား' ဟု ရန်ဆောင်လိုက်လေသည်။ ထိုအခါလူပျိုလူနောက်ကလည်း ကောက်ကာငင်ကာ ပြောလိုက်သည်မှာ 'အို... အမိခြေသလုံးကိုတော့ မထမ်း၊ ကျုပ်အဖေကထမ်းပါလိမ့်မည်' ဟု ဖြေလိုက်လျှင် အဖေက ဒေါပွ၍ 'မင်းကနှုတ်ကျတော့ သရမ်းတယ်၊ ခြေသလုံးထမ်းဖို့ကျတော့ ငါ့လွှဲချရသလား' ဟု ပြောသည့်အခါ သားက 'ကျွန်တော် အားကတည်းက အဖေ့ကို တိုင်ပင်ပြီးသားပဲ။ ဒီအခြေအနေရောက်မှကော့ အပျိုမခြေသလုံးကို အဖေသာ ကြိုးစားထမ်းပေတော့

လို့ ပြောလိုက်လေသတဲ့ဘုရား' လျှောက်တင်လေလျှင် ဘိုးတော်မင်းတရားကြီးက 'မင်းရဲ့စကားက အပါယ်လားတော့ ကြိုးစားပြီး ကိုယ်တော်ပဲခံဆိုတဲ့ အမိပ္ပာယ်ရောက်နေပြီ၊ စေတီတော်လည်း မရွှေ့ပါနဲ့တော့၊ အဖေလည်း မဖြစ်ပါစေနဲ့တော့ ပေါ်ဦးရယ်' ဟု အမိန့်တော်ရှိလေလျှင် မင်းပရိသတ်အားလုံး ရယ်မောကြလေသတည်း။

■





## သံကိုမကြည့်ရပါဘုရား

မြန်မာစံတော်ချိန် တစ်ချက်တီး၊ စက်နာရီအားဖြင့် နံနက် ၉ နာရီတွင် ညီလာခံစတင်သည်ဖြစ်၍ နန်းတွင်းသူ နန်းတွင်းသားမှန်သမျှ သိရှိနားလည်သောအချက် ဖြစ်နေလသည်။

ထို့ကြောင့် ညီလာခံဝင်ရမည့် ပုဂ္ဂိုလ်မှန်သမျှသည် ထိုအချိန်မရောက်မီကပင် နန်းတော်ဘက်သို့ လာကြရစမြဲဖြစ်ရာ ယနေ့သည်လည်း ဝန်ကြီး၊ မှူးကြီးမတ်ရာတို့သည် ညီလာခံတက်ရောက်ရန် နေ့စဉ် လာနေကျလမ်းမှ ကြွလာလေသည်။

ရုတ်တရက် အဖြစ်အပျက်တစ်ခုကြောင့် ဝန်ကြီး၊ ...ဘ်ရာများမှာ အသက်ဘေးမှ လွတ်ရာကင်းရာသို့ ပြေး...ကြသည်အထိ ဝရုန်းသုန်းကား ဖြစ်သွားလေသည်။

အကြောင်းမှာ ဘိုးတော်မင်းတရားကြီးသည် ဒေါသဖြစ်စရာအကြောင်း တစ်စုံတစ်ခု ပေါ်ပေါက်လာ၍ စိတ်ကိုမထိန်းနိုင်ဘဲ လှံကိုစွဲကိုင်လျက် ထိုးရန်လိုက်သောကြောင့်ဖြစ်သည်။

အနားရှိ အစောင့်များနှင့်အမတ်ကြီးများမှာ ဘေးကင်းရာသို့ ပြေးလွှားပုန်းနိုကြသောကြောင့် ဘိုးတော်မင်းတရားကြီးမှာ မည်သူ့ကိုမှ မထိုးရဘဲ မောပန်း၍ ထိုင်နေလေတော့သည်။

ဦးပေါ်ဦးသည် ညီလာခံတက်ရန်လာရင်း ဘိုးတော်မင်းတရားကြီးက အမတ်များအား လှံဖြင့်လိုက်နေသည်ကို မြင်သောအခါ မိမိလည်း ဘေးအန္တရာယ်ကင်းရှင်းစေရန် နန်းဦးလှေကားအထက် အုတ်ခုံတွင် ကွယ်နေလေသည်။

ဘိုးတော်မင်းတရားကြီးသည် မော၍ ထိုင်နေသည်ကိုမြင်မှ ဦးပေါ်ဦးက ပုန်းအောင်းနေကြသော မှူးမတ်များကို 'ဝန်မင်းတို့… ဝန်မင်းတို့' ဟု ခေါ်လိုက်လေသည်။

ဦးပေါ်ဦးအသံကို ကြားရသောအခါ ပုန်းနိုနေကြသော မှူးမတ်တို့က အားကိုးရပြီဟုတွေး၍ 'ဗျို… ဗျို' ဟု တိုးတိုးထူးကြလေသည်။ ပြီးနောက် ဦးပေါ်ဦးက 'ကျုပ်တို့ရဲ့ဘုရားရှင်ဟာ တာဝတိံသာနတ်ပြည်မှ မယ်တော်အမိနတ်သားကို တရားဟောကြားဖို့ကြွသွားသောအခါ ယုဇနာလေးသောင်း နှစ်ထောင်ကို နှစ်လှမ်းသုံးဖဝါးနှင့် ကြွသွားတယ်ဆိုတာ အ...က မယုံဘူး၊ အခုမှ ယုံတယ်' ဟု ပြောသောအခါ ဘိုးတော်

မင်းတရားကြီးက ကြားတော်မူ၍-

'ဟဲ့… ပေါ်ဦးလားဟဲ့'

'မှန်လှပါဘုရား'

'မောင်မင်း ဝန်မင်းများကို ဘာပြောလိုက်တာလဲ'

'မှန်လှပါ… မြတ်စွာဘုရားဟာ ယူဇနာလေးသောင်း နှစ်ထောင် အမြင့်ဆောင်တဲ့ တာဝတိံသာနတ်ပြည်ကို ခြေလှမ်း နှစ်လှမ်းသုံးဖဝါးနှင့် တက်တယ်ဆိုတာ အခုမှယုံတဲ့အကြောင်း ပါဘုရား'

'ဘာလို့တုန်းဟဲ့'

'ဘာလို့တုန်းဆိုတော့ အခုလေးတင် နန်းဦးစမုတ် **ဆောင်က** လှေကားဆယ့်တစ်ထစ်ကို တစ်ထစ်မှမနင်းမိလို့ **ပါဘုရား**'ဟု လျှောက်သောအခါမှ ဘိုးတော်မင်းတရား**ကြီး** **လည်း** စိတ်တော်ပြေကာ 'လာကြဟဲ့'ဟု မိန့်တော်မူသဖြင့် **ပုန်းခိုနေကြသော** မှူးမတ်များ ထွက်လာကြလေသည်။

သို့သော်လည်း ဘိုးတော်မင်းတရားကြီးသည် လက် ထဲမှလှံကို မချသေး၍ စိတ်ချလက်ချ အနားသို့မကပ်ရဲဘဲ ခပ်ခွာခွာ ခစားနေရာမှ 'ဟဲ့…ပေါ်ဦး ညီလာခံနီးပြီ၊ မောင်မင်း ရှေ့ကသွားနှင့်'ဟု မိန့်တော်မူလေသည်။

ဦးပေါ်ဦးလည်း အမိန့်တော်အရ ထိုင်ရာမှထပြီးအသွား ဘိုးတော်မင်းတရားကြီးက ရှေ့မှကာတားပြီး **လှံဖြင့်ရွယ်လျက်** 'ဟဲ့… ပေါ်ဦး၊ ငါ့ကို မကြောက်ဘူးလား၊ **နင်သေပေတော့**' ဟု မိန့်လေသည်။ ထိုအခါ ဦးပေါ်ဦးက-



'မှန်လှပါ… သတ်ရင်တော့ သေရမှာပါဘုရား၊ ဒါပေမဲ့ ရလျှောက်တင်ရန် ကျန်ရှိနေသေးလို့ ခဏသည်းခံပါ ဘုရား'

'ကဲ… မြန်မြန်လျှောက်တင်'

'မနက်က ညီလာခံလာရင်း ပညာရှိပုဏ္ဏားတော်များ **က ကျွန်တော်မျိုးနဲ့** သံနဲ့မတည့်လို့ ဝေးဝေးက **ရှောင်ရမတဲ့** **ဘုရား**'ဟု လျှောက်တင်သောအခါ ဘိုးတော်မင်းတရားကြီး က ပြုံးတော်မူ၍ 'ကဲပါဟယ်… ညီလာခံနီးပါပြီ'ဟု မိန့် တော်မူသဖြင့် ဦးပေါ်ဦးက မျက်စိမှိတ်၍ ရှင်ဘုရင်**က ရှေ့က** ဖြတ်သွားလေသည်။ ထိုအခါ မင်းတရားကြီးက-

'ဘာလို့ မျက်စိမှိတ်ထားရတာတုန်းဟဲ့'

'မှန်လှပါ… သံနဲ့မတည့်လို့ သံကိုမကြည့်ရဲလို့ပါ ဘုရား'ဟု လျှောက်ထားလိုက်လေသည်။ ထိုအခါ မင်းကြီး သည် ပြုံးတော်မူ၍ ညီလာခံသို့ ဝင်သွားလေသည်။

■



## ထီးတော်မိုးသည့်ဦးပေါ်ဦး

အမတ်ကြီး ဦးပေါ်ဦးသည် ဘုရင်ကြီးဆောင်သော မကိုဋ်မှ ကျောက်ရတနာပျောက်စဉ်ကတစ်ခါ၊ ကတိုးသေစဉ် ကတစ်ခါ၊ ထီးဖြူတော်လဲကျစဉ်ကတစ်ခါ၊ ထိပ်တင်ကြီး အမှုကိစ္စတွင်တစ်ခါ အများဘက်မှရပ်တည်၍ ကယ်ဆယ် ကူညီခဲ့သည့်နည်းလမ်းအတိုင်း ယခုကိစ္စတွင်လည်း ဝင်ရောက် ကူညီပေးသဖြင့် ထီးတော်မိုးတို့ တွေ့ကြုံရသောဒုက္ခမှ လွတ် ကင်းသွားရလေသည်။

ဘိုးတော်မင်းတရားကြီးသည် အဆောင်တော်အတွင်း မှ အပြင်ဘက်သို့ ကြွတော်မူသည့်အခါတွင် ထီးတော်မိုးသည် မင်းကြီးနောက်မှ ထပ်ကြပ်မကွာလိုက်၍ ထီးတော်မိုးရလေ သည်။

မင်းတရားကြီး ဝတ်လဲတော်ပုဆိုးဝတ်ထားရာတွင် ရှေ့မှချီသည့်ပုဆိုးမှာ ရှည်လျားသောကြောင့် မြေကြီးနှင့် တရွတ်တိုက်နေသည့်အပြင် နောက်ဘက်၌ အစထွက်၍နေလေသည်။

ထို့ကြောင့် မင်းတရားကြီး၏ နောက်တော်ပါးမှကပ်၍ လိုက်ပါထီးမိုးရသော ထီးတော်မိုးသည် မင်းတရားကြီး၏ ပုဆိုးစကို နင်းမိမည်စိုးသဖြင့် အလွန်သတိထားရလေသည်။

အကယ်၍ ပုဆိုးစကို မတော်တဆ တက်နင်းမိလျှင် မင်းတရားကြီး၏ ပုဆိုးစသည် ကျွတ်ကျမည်မှာ ကေန်ပင်ဖြစ်၍ ကျွတ်ကျလျှင် အမျက်တော်ရှမည်မှာ အမှန်ပင်ဖြစ်ပါပေသည်။

အမျက်တော်ရှလျှင် အကြီးဆုံးအပြစ်မှာ အသက်ကိုပင် ထိပါးနိုင်၍ အသေးဆုံးအပြစ်မှာ ရာထူးမှပြုတ်ကျမည်ဖြစ်ပေသည်။

ထို့ကြောင့် ထီးတော်မိုးများ အသက်ရှုကျပ်၍နေလေသည်။ ပုဆိုးစမနင်းမိစေရန် အောက်ကိုသာ ကြည့်နေလျှင် ဘုရင်ကြီးသည် နေရိပ်ထိုးမည်။ နေရိပ်ထိုးမည်စိုး၍ ထီးတော်မိုးလျှင် ပုဆိုးစကို နင်းမိမည်မှာ အမှန်ဖြစ်၍ ကြံရာမရဖြစ်ကာ အမတ်ကြီးဦးပေါ်ဦးကို အားကိုးပြု၍ တိုင်ပင်လေရာ ဦးပေါ်ဦးက-

'မပူနေနှင့်… ငါတာဝန်ထား'ဟု ဆိုလိုက်လေသည်။

တစ်ခါသော် မင်းတရားကြီးသည် လွှတ်တော်ထက်မှ



ပြန်အကြွတွင် ဦးပေါ်ဦးသည် ထီးတော်မိုးလက်မှ ထီးကိုယူ၍ မင်းတရားကြီးနောက်ပါးမှ ကပ်လိုက်၍ ထီးတော်မိုးပေးလေသည်။

နန်းတော်အုတ်လှေကားသို့အရောက်တွင် ဦးပေါ်ဦးသည် မင်းတရားကြီးနောက်မှ ခပ်ခွာခွာလိုက်ရင်း ထီးမိုးပေးလေရာ မင်းတရားကြီးမှာ နေပူလျက်ရှိလေသည်။

ထိုအခါ မင်းတရားကြီးသည် နောက်သို့လှည့်ကြည့်လိုက်ရာ ဦးပေါ်ဦးက ထီးတော်မိုးပေးနေသည်ကို တွေ့ရ၍ 'ဟဲ့… ပေါ်ဦး၊ အနားကပ်မိုးမှပေါ့ဟဲ့'ဟု မိန့်တော်မူရာ ဦးပေါ်ဦးက 'အနားကပ်မိုးပါလျှင် ဝတ်လဲတော် တောက်ပြောင်လွန်းလို့ပါဘုရား'ဟု လျှောက်ထားတော့မှ မင်းတရားကြီးက ရိပ်မိကာ 'အေးပါဟယ်… နောက်ဆိုရင် ပုဆိုးကို တိုတိုဝတ်ပါတော့မယ်'ဟု မိန့်တော်မူလေသည်။

■

## ချေးသာယို သေးမထွက်စေနဲ့

တစ်ခါသော် မင်းတရားကြီးသည် ဤသို့စဉ်းစားလေသည်။ ဦးပေါ်ဦးသည် စကားပြောရလျှင် အလွန်တော်သူဖြစ်၍ မည်သည့်ကိစ္စတွင် မည်သို့စကားပြောတတ်ကြောင်းကို သိလို၍ တစ်ရက်တွင် စမ်းသပ်လေသည်။

မင်းတရားကြီးသည် ဦးပေါ်ဦးအား နန်းတော်မြို့ရိုးအတွင်းဝန်နှင့်တကွ ပေးအပ်ထားရာ ဦးပေါ်ဦးသည် အိမ်ခြံဝင်းအတွင်းကို အထူးသန့်ရှင်းစင်ကြယ်စေရန် နေ့စဉ် နံနက်တိုင်း မိမိကိုယ်တိုင် တံမြက်စည်းလှည်းကာ သန့်ရှင်းသောကြောင့် ဦးပေါ်ဦးအိမ်ရှေ့မှာ ပြောင်စင်၍နေလေသည်။

တစ်နေ့သော နံနက်စောစောတွင် မင်းလုလင်တစ်ယောက်သည် ပြောင်နေသော ဦးပေါ်ဦး၏ အိမ်ရှေ့ဥပစာသို့ လာလျက် ပုဆိုးမကာ ထိုင်၍ တပေါ့တပါးသွားမည့်ဟန် ပြုနေသည်ကို ဦးပေါ်ဦး တွေ့မြင်ရလေသည်။



ထို့ကြောင့် မိမိ ဂရုတစိုက် ပြောင်စင်အောင်လှဲကျင်းထားသော အိမ်ရှေ့တွင် မတော်တရော် တပိုတပါးသွားမည့်သူအား မည်သူနည်းဟု ဒေါသထွက်၍ ဓားဆွဲကာ အိမ်ပေါ်မှ ဆင်း၍မေးလေသည်။

'ဟဲ့… မောင်မင်း ဘယ်သူလဲ၊ ဘာလုပ်တာလဲ'

'မှန်လှပါ… ကျွန်တော် အဆောင်ကိုင် ညိုပါဘုရား'

'ဘာလို့ ဒီကို ဒီလိုလုပ်ရတာလဲဲဟဲ့'

'မှန်လှပါ… ဘုရင့်အမိန့်တော်အရပါ'

ထိုအခါ ဦးပေါ်ဦးက 'ဘုရင်က ဘာမိန့်တော်မူသလဲ မောင်မင်း'

'ရှင်မင်းတရားကြီးက ဦးပေါ်ဦးအိမ်ရှေ့မှာ နင် ချေးသွားပါဆိုလို့ပါ ဘုရား'

'ဒါဟာ ဘုရင်မင်းတရားကြီးအမိန့်ပဲလား'

'မှန်ပါ'

'ဒါဟာ အမိန့်တော်ဆိုရင် နင် ချေးပဲပါရမယ်၊ သေးမထွက်ပါစေနှင့်၊ တကယ်လို့ သေးတစ်စက်ကျရင် နင့်ခေါင်းကို ငါဓားနဲ့အခုတ်ပဲ'ဟု ပြောလေသည်။

လူတို့၏ထုံးစံမှာ ကျင်ကြီးစွန့်လျှင် ကျင်ငယ်ပါစမြဲဖြစ်သည်ကို သိသော ညိုသည် ဘုရင့်အမိန့်အတိုင်း ချေးပါခဲ့သော် သေးလည်းပါရမည်။ သေးတစ်စက်ကျလျှင် ဓားကလည်း ကုပ်ပေါ်ဝဲနေ၍ ချက်ချင်းဒုက္ခတွေ့မည်ဟု စဉ်းစားကာ



ငုံ့လျက် ထွက်ပြေးလေသည်။

ညိုက ဘိုးတော်မင်းတရားကြီးထံ ပြန်လည်လျှောက်တင်သောအခါ ပြုံးတော်မူပြီး 'ပေါ်ဦးဟာ တော်တော်သတ္တိရှိတဲ့ ပေါ်ဦးပဲ'ဟု မိန့်တော်မူပြီး ညိုအား ဆုချလိုက်လေသည်။

■



## ဝက်ကလေး စာမသင်ရသေးလို့ပါ

တစ်ခါသော် ဘိုးတော်မင်းတရားကြီးသည် မိဖုရားကြီးအဆောင်၌ စံတော်မူစဉ် မိဖုရားကြီးအား ပျော်တော်ဆက်စေရန် ဦးပေါ်ဦးကို လာရောက်ခစားစေသည်။ ဦးပေါ်ဦး ရောက်လာသောအခါ မိဖုရားကြီးက-

'ဟဲ့… ပေါ်ဦး၊ တို့ကို အရင်တုန်းကလို ပုံပြင်ဥပမာလေးတွေနဲ့ ပျော်တော်ဆက်စမ်းပါဦး'ဟု ပြောတော်မူလျှင် ဦးပေါ်ဦးက ချက်ချင်းပင်-

'မှန်လှပါ… ကျွန်တော်မျိုး ပေါ်ဦး မယ်တော်ဘုရား ခေါ်တော်မူစဉ် လာခဲ့သည့်လမ်းမှာ ဝက်လင်မယားနှစ်ကောင်နှင့် ဝက်သားလေးနှစ်ကောင်ဟာ ကြောက်လန့်တကြား ပြေးလာကြတာ မြင်တော်မူပါတယ်'

'နောက်တော့ ဝက်လေးကောင်ရဲ့နောက်မှာ ယာသမားတစ်ယောက်ဟာ ဓားမကြီးကိုကိုင်ပြီး ပြေးလိုက်လာတာ လိုက်

ခုတ်နေရာမှ နောက်ဆုံးမှာတော့ ဝက်ကလေးတစ်ကောင်ပေါ် ကို ခုတ်မိလျက်သားဖြစ်သွားတဲ့အချိန်မှာ ဘုရားကျွန်တော် ဦးပေါ်ဦးက တားဆီးလိုက်ရပါတယ် ဘုရား၊ ကျွန်တော်မျိုးက မောင်မင်း ဘာကြောင့် ဝက်မိသားစုကို မညှာမတာ ဓားမနဲ့ လိုက်သတ်ရတာလဲလို့ မေးတော်မူတဲ့အခါ ယာသမားက ဝက် မိသားစုဟာ သူစိုက်ပျိုးထားတဲ့ ယာခင်းကို ဖျက်ဆီးလိုက်လို့ လိုက်ခုတ်တာပါလို့ ပြောမိပါတယ်ဘုရား'

'ကျွန်တော်မျိုး ပေါ်ဦးက ယာပိုင်ရှင်ကို ချော့မော့ နှစ်သိမ့်လွှတ်လိုက်လို့ ပြန်သွားပါတယ် ဘုရား၊ ယာသမားပြန် သွားသောအခါကျမှ ဝက်ကလေးက ဒီကဦးကြီးကယ်လို့သာ 'ကျွန်တော်တို့မိသားစုငါးယောက် အသက်ဘေးမှ ချမ်းသာရ ပါတယ်ဘုရားလို့ ပြောပါတယ် ဘုရား'

ထိုအခါ မိဖုရားကြီးက 'ဟဲ့… ပေါ်ဦး၊ မောင်မင်း ပြောတုန်းက ဝက်သားမိကဲ့ လေးကောင်ဆို၊ ခုဆို ဘာကြောင့် ငါးကောင်ဖြစ်သွားရတာလဲ ပေါ်ဦးရဲ့၊ ယာသမား ဓားနဲ့ပိုင်း လိုက်လို့ ၅ ကောင် ဖြစ်သွားတာလား'

'ဝက်ကလေးက ၅ ကောင်လို့ပြောပါတယ်ဘုရား၊ ယာသမားက ဝက်ကလေးကို ဓားနဲ့ခုတ်လိုက်ချိန်မှာ ကျွန်တော် တားလို့ မခုတ်ဖြစ်လိုက်ပါဘူး ဘုရား'

-'ဒါနဲ့ ဘယ့်နှယ်ကြောင့် ၅ ကောင်ဖြစ်သွားတာလဲ၊ ရှင်းရှင်းတင်စမ်းပါဦး ပေါ်ဦးရယ်'

'မှန်လှပါ… ဝက်ကလေးက ကျွန်တော်တို့မိသားစု



၅ ကောင်လို့ပြောတာလည်း အမှန်ပါဘုရား၊ စဉ်းစားတော် မူပါ'

'နင့်မျက်စိနဲ့ တွေ့ခဲ့တာလည်း ဘယ်နှစ်ကောင်လဲ မောင်မင်း'

'လေးကောင်တည်းပါဘုရား'

'ဟဲ့… နင့်စကားက ရှုပ်နေတာပဲ'

'မှန်လှပါ… ဘယ်လိုကြောင့် ၅ ကောင်ဖြစ်သွား သလဲဆိုတာ မယ်တော်ဘုရား စဉ်းစားပြီး ဖြေတော်မူပါဘုရား'

မိဖုရားကြီးက ခေတ္တမှစဉ်းစားပြီးနောက်-

'ပေါ်ဦး… နင့်မေးခွန်း နင့်ဘာသာပဲ ဖြေစမ်း'

'မှန်လှပါ… ဝက်ကလေးက ၅ ကောင်လို့ ပြော တာလည်း အမှန်ပါ၊ တကယ်တော့ ဝက်လေးက ကျောင်း မတက်ရသေးလို့ စာမသင်ရသေးတဲ့အတွက် မှားပြောတာ ဖြစ်ပါတယ်ဘုရား'

ထိုအခါ ဘိုးတော်မင်းတရားနှင့် မိဖုရားကြီးက အားပါးတရရယ်ရင်း ဘိုးတော်မင်းတရားကြီးက-

'ပေါ်ဦး… တို့လုပ်လိုက်မှဖြင့် ငါတောင် မျက်စိ လည်သွားတာပဲ' ဟု မိန့်တော်မူလေသည်။

'မှန်လှပါ… မယ်တော်ဘုရားကို ပျော်တော်ဆက် ခြင်း ဖြစ်ပါတယ် ဘုရား'

■



## ဦးပေါ်ဦးနှင့် ပုထိုးတော်ကြီး

တစ်ခါသော် မင်းတရားကြီး တည်ထားကိုးကွယ် တော်မူသော မဟာဝိဇယရံသီဘွဲ့အမည်ရှိ စေတီတော်ကို ထီးတော်တင်လှူပြီးသောအခါ မိမိ၏ကောင်းမှုကုသိုလ်ကို မျက်မြင်စိတ်မနောတို့မှ ကြည်ညိုသဒ္ဓါပွား၍ ဘကြီးတော် မင်းတရားကြီးက ဦးပေါ်ဦးကို မိန့်တော်မူသည်မှာ- .

'ဓာတ်တော်အပေါင်းကို ဌာပနာ၍ တည်ထားသော မဟာဝိဇယရံသီ စေတီတော်ကြီးကို ဉာဏ်တော်အမြင့် တစ်ရှော့ ရှစ်ဆယ် အမြင့်ဆောင်၍ ရွှေတောင်ကြီးကဲ့သို့ ကြည်ညိုဖွယ် ကောင်းလှသော ဘုရားသည် လောက၌ အရှားသား။ ငါကိုယ် တော်မြတ်သည် များစွာကြည်ညိုသဒ္ဓါပွား၍ ဝမ်းမြောက်တော် မူသည်။ စေတီတော်ကြီးသည် ကြည်ညိုစရာမကောင်းလော' ဟု မေးတော်မူသည်။

ထိုအခါ ဦးပေါ်ဦးက စဉ်းစားသည်မှာ မင်းတရားကြီးသည် များစွာကြည်ညိုသည်ထက် ကြည်ညိုသဒ္ဓါပွားအောင် လျှောက်တင်မှ သင့်လျော်မည်ဟု ကြံစည်တွေးတော၍ သံတော်ဦးတင်သည်မှာ-

'ဘဝရှင်မင်းတရားကြီးဘုရား ဘုန်းတော်ကြောင့် ယခု တည်ထားကိုးကွယ်တော်မူသော ဝိဇယရံသီအမည်ရှိ စေတီတော်ကြီးသည် ဖြစ်ပြီးသောစေတနာတရားတွင် တိုးပွားမပျက် ဆက်ကာ့ဝက်ကာ သဒ္ဓါတရား တိုးပွားမည့် စေတီတော်ကြီးဖြစ်ပါသည်။ ထိုစေတီတော်ကြီးသည် ဘုရား၌ အဆင်းအားဖြင့် သုံးပါး၊ ပမာဏအားဖြင့် သုံးရပ်ဓာတ်တော်အစစ်တို့ကို ရွှေစင်ရွှေသား၊ ပတ္တမြားကြုတ်ကောင်း၊ ရွှေပန်းတောင်းနှင့်ထည့်၍ ဌာပနာသည့်အတွက်ကတစ်ကြောင်း၊ သံတောင်အဆင့် ဇာစ်ရှာ့ရှစ်ဆယ် အမြင့်ဆောင်၍ ဉာဏ်တော်ထင်ပေါ်လှ၍ အရပ်လေးမျက်နှာမှ မြင်မြင်ရာမှ လှမ်း၍ဖူးမြော်ကြည်ညိုသဒ္ဓါပွားနိုင်သည်ကတစ်ကြောင်း၊ ထိုကဲ့သို့သောအကြောင်းအမျိုးမျိုးတို့ကြောင့် ထိုစေတီတော်ကြီးကို ဖူးမြော်ပြီးသောအခါ သေးငယ်စွာသော စေတီအဆူဆူ၊ အပြည့်ပြည့်အရပ်ရပ်ရှိသော ဘုရားကိုယ်တော်များကို ဘုရားချင်းပင်တူသော်လည်း နှလုံးသွင်းပုံချင်း အာရုံမပြုနိုင်အောင်ရှိပါကြောင်း ခြေဖဝါးမြတ်အောက် ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား'ဟု လျှောက်တင်လေလျှင် မင်းတရားကြီးက မိန့်တော်မူသည်မှာ-



'ဘုရားချင်းအတူတူပင် ကြည်ညိုသဒ္ဓါပွားသူများ၏ စိတ်ထားကသာ လိုရင်းဖြစ်သည်မှ မဟုတ်လော'ဟု မေးတော်မူရာ' ဦးပေါ်ဦးက-

'ဘုန်းတော်ကြောင့် စိတ်ကသာ ပဓာနဖြစ်ကာ၊ ကုသိုလ်ရသည်ချည်းမှာ အမှန်ပင်ဖြစ်ပါသည်။ သို့သော်လည်း ပုထုဇဉ်လူသားတို့၏ သဘောမှာ ရွှေမရှိသောဘုရားကို လူမရှိသေဆိုသကဲ့သို့ ကုသိုလ်ချင်းပင်တူသော်လည်း ကြည်ညိုစိတ်ထားလွဲ၍ ကွဲပြားခြင်းဖြစ်ပါသည်'ဘုရားဟု လျှောက်တင်လေသည်။

■



## စက်ခုန် ခေါ် မီးပုံပျံ

မြန်မာတို့၏ အယူအရ (၁၂)ရာသီပွဲတော်များထဲတွင် သီတင်းကျွတ်လသည် မီးထွန်းပွဲဟူသည်နှင့်အညီ သီတင်းကျွတ်လပြည့်သည် မြတ်စွာဘုရားသည် မယ်တော်မိနတ်သားကို တရားဟောပြီး လူ့ပြည်သို့ ပြန်လည်ကြွမြန်းရာတွင် လူတို့က မီးပူဇော်ကြသည့် အယူအဆရှိခဲ့သည်။

ထို့ကြောင့် ဘုရားအား မီးပူဇော်သည့်အနေဖြင့် မီးပုံပျံများ ကောင်းကင်သို့ လွှတ်တင်လေ့ရှိကြသည်။

ထိုသို့လွှတ်သည်ကို အရပ်အခေါ်အနေဖြင့် မီးပုံးပျံဟုခေါ်တွင်၍ နန်းသုံးစကားအရ စက်ခုန်တော်ဟုခေါ်ကြသည်။

ထို့ကြောင့် သီတင်းကျွတ်လပြည့်ညတွင် နန်းတော်ထဲ၌ မိဖုရားကြီးနှင့် ဘုရင်ကြီးတို့မှာ လေပြိုင်ပွဲကဲ့သို့ ပြိုင်ပွဲ

ပြုလုပ်၍ မီးပုံးပျံများ လွှတ်တင်ရာ ဘုရင်မင်းတရားကြီးဘက်မှ ဦးပေါ်ဦးက တာဝန်ယူ၍ လွှတ်တင်ရသည်။

ယှဉ်ပြိုင်၍ လွှတ်သောအခါ မိဖုရားကြီး၏ မီးပုံးပျံမှာ ချောချောမောမော ကောင်းကင်သို့ ပျံတက်သွားသောအခါ မင်းပရိသတ်တို့က လက်ခုပ်လက်ဝါးတီး၍ အားပေးကြ၏။

တစ်ချိန်တည်းမှာပင် ဦးပေါ်ဦးတာဝန်ယူသော ဘုရင်မင်းတရားကြီး၏ မီးပုံးပျံကို လွှတ်တင်ရာ ဝါးတစ်ဖျံသို့ တက်လိုက်၊ အောက်သို့ပြန်ကျလိုက်၊ အထက်သို့တက်လိုက်၊ အောက်သို့ပြန်ကျလိုက်ဖြစ်နေရာ မင်းပရိသတ်များက ဟားတိုက်၍ လှောင်ပြောင်ကြလေသည်။

ထိုအခါ ဘိုးတော်မင်းတရားကြီးက ဦးပေါ်ဦးကို တံတောင်ဖြင့် ထောင်းပေသည်။ ပါးစပ်မှလည်း-

'သေပေတော့ ပေါ်ဦး၊ နှင့်ကြောင့် ငါ အရှက်ကွဲတာ နှစ်ခါရှိပြီ'ဟု ကြိမ်းမောင်းလေသည်။ ထိုအခါ ဦးပေါ်ဦးက ပြန်လျှောက်တင်သည်မှာ 'ကျွန်တော်မျိုးက ဘုရားဟောနဲ့အညီ ဆောင်ရွက်တာပါဘုရား'ဟု ဖြစ်လေသည်။

မင်းတရားကြီးက 'လာပြန်ပြီ... ငါ့ကို ဘုရားနဲ့ ကိုင်ပြောတော့မယ်၊ ဘယ်လို သက်ဆိုင်သလဲ၊ လျှောက်တင်စမ်း'

ထိုအခါ ဦးပေါ်ဦးက 'မှန်လှပါ... စက်ခုနှစ်ဥတပါဒီ၊ ဉာဏာဥတပါဒီ၊ အာလောကောဥတပါဒီပါ'ဘုရားဟု လျှောက်တင်သောအခါ ဘိုးတော်မင်းတရားကြီးမှာ 'ပေါ်ဦးနဲ့တော့



ခက်နေပြီ၊ နှင့်ကြောင့် ငါ အရှက်ကွဲတာ နှစ်ခါရှိပြီ'ဟု မိန့်တော်မူမှ ပရိသတ်လည်း ပြုံးရဲ့ရယ်ရဲ့လေကြတော့သည်။ မိမိ၏အသက်ဘေးမှလွတ်အောင် ဉာဏ်ကစား၍ လျှောက်တင်တတ်သော ဦးပေါ်ဦးဖြစ်ပါတော့သည်။

■



## ဦးပေါ်ဦးလျှောက်သော ထိုးကွင်းမင်ကြောင်

တစ်နေ့သော် ညီလာခံတွင် ဘိုးတော်မင်းတရားကြီးက သိလိုသော အကြောင်းအရာတစ်ခုကို မေးမြန်းရာ မည်သူမျှမဖြေနိုင်ဘဲ ရှိလေသည်။ ထိုအခါ မင်းတရားကြီးက-

'ကိုင်း... ဒါဖြင့်လည်း ပညာရှိကြီးဦးပေါ်ဦးကိုပဲ မေးမှ သိရတော့မှာပဲ၊ မောင်မင်း... လက်နက်ကိုင်တပ်သားများဟာ ထိုးကွင်းမင်ကြောင်များ ထိုးထားကြတဲ့အခါ မင်းညီမင်းသားများလို၊ တိုင်းသူပြည်သားလို ပေါင်ထိမကဘဲ ဘာလို့ ခါးအထက်နံ့စံရောက်အောင် မင်ကြောင်ထိုးကြတာလဲ၊ ဘာသဘောလဲဟဲ့'ဟု မိန့်တော်မူလေသည်။

ထိုအခါ ဦးပေါ်ဦးက 'ဒါဟာလည်း ကျမ်းဂန်နဲ့အညီ ထားတာပါပဲ ဘုရား'ဟု မဆိုင်းမတွပင် လျှောက်တင်လိုက်လေသည်။

မင်းတရားကြီးက 'ပေါ်ဦးနဲ့တော့ ခက်နေပြီ၊ ဘာပဲမေးမေး ကျမ်းဂန်နဲ့ချည်း ကိုင်ပေါက်တော့တာပဲ၊ ကဲ... ဒါဖြင့် ဘယ်ကျမ်းဂန်ထွက်လဲ၊ ပြောစမ်းပါဦးဟဲ့'

'မှန်လှပါ... သဒ္ဒါကျမ်းနဲ့ ညီပါတယ်ဘုရား'

'ဘယ်လို ညီတာလဲဟဲ့'

'သဒ္ဒါဆရာများကဆိုသည်မှာ (နံ့စျတော ကတရသ)ဟု ဆိုပါတယ်ဘုရား'

'ရှင်းစမ်းပါဦး'

'နံ့စျတော-နံ့အထိ မင်ခြကြောင်ထိုးသူသည်၊ ကတရသ-ရဲရင့်တတ်သည်ဟု ဖော်ပြထားပါတယ်ဘုရား'ဟု လျှောက်တင်လိုက်ရာ ဘိုးတော်မင်းတရားကြီးက 'ကတ်သီးကတ်သတ်ကွယ် ပေါ်ဦးရယ်'ဟုသာ မိန့်တော်မူ၍ အတွင်းတော်သို့ ဝင်တော်မူလေသည်။

■

## ကျမ်းဂန်နဲ့ညီသောကသည်းများ

ဦးပေါ်ဦးသည် ရဟန်းဘဝတွင် ကျမ်းဂန်များကို နှံ့စပ်အောင် သင်ယူခဲ့သူဖြစ်၍ စကားပြောရာတွင် ကျမ်းဂန်နှင့်အညီ ပြောလေ့ရှိသည်။ တစ်နေ့ ညီလာခံအပြီးတွင် မင်းတရားကြီးက ဦးပေါ်ဦးဘက်သို့ လှည့်၍မိန့်တော်မူသည်မှာ 'ဟဲ့... ပေါ်ဦး၊ ကသည်းအမှုထမ်းများဟာ ပါးမွေးအလွန်ထူပါသလား မောင်မင်းရဲ့'

'မှန်လှပါဘုရား... ဘုန်းတော်ကြောင့် ကသည်းအမှုထမ်းများ ပါးမွေးထူရခြင်းမှာ ကျမ်းဂန်နှင့်ညီညွတ်ကြောင်း တွေ့ရပါတယ် ဘုရား'

'ဟုတ်ရဲ့လား ပေါ်ဦးရယ်၊ ဘယ်ကျမ်းဂန်မှာပါလဲ လျှောက်တင်စမ်းပါဦး မောင်မင်းရယ်'

'မှန်လှပါ... ဘုရားဟောတော်မူတဲ့ ပရိတ်တော်ကြီးမှာ တွေ့ရှိနိုင်ပါတယ်ဘုရား'





'ငါကိုယ်တော်မြတ်လည်း ပရိတ်တော်ကို အစမှ အဆုံး ရပါတယ် ပေါ်ဦးရယ်၊ သည်အကြောင်းကိုဖြင့် မတွေ့မိပါဘူး'

'မှန်လှပါ... ပရိတ်တော်ကြီးမှာ 'အင်္ဂပစ္စင်္ဂပဇ်မာဒတိ'ဟုမိန့်ရာတွင် အင်္ဂပစ္စင်္ဂ-ကသည်းတို့သည်၊ ပမောဒတိ-ပါးမွေးထူလတ္တံ့ဟူ၍ အနက်အဓိပ္ပာယ်ရကြောင်းပါ ဘုရား'

'အင်း... ကြံကြံဖန်ဖန် လျှောက်တင်တတ်ပါပေ့ ပေါ်ဦးရယ်'

ဟု မိန့်တော်မူ၍ ပြုံးတော်မူပြီး အတွင်းတော်သို့ ကြွသွားလေသည်။

ဤသို့ ပေါ်ဦးသည် ပါဠိစာပေကို နှံ့စပ်စွာ အနက်အဓိပ္ပာယ်ပြန်၍ လျှောက်တင်သည်ကို တွေ့ရပါသည်။

■

## မိမိနှင့် လှတောသား

(၁)

လှတောသား၊ ပခန်းသား စသည့် မြန်မာပြည်သားတို့ စကားကြွယ်ဝပုံကို ကြားခဲ့သည်မှာ အတော်ကြာပြီ။

တစ်ခါတစ်ရံ စကားအဖြစ်ကြားရ၍ တစ်ခါတစ်ရံ ပုံပြင်လိုလို ကြားရသည်။ ကြားရတိုင်း အားပါမိသည်။

ဒါတွေကို လူတိုင်းသိသင့်တယ်၊ ဒီအကြောင်းတွေက ဗဟုသုတရနိုင်သည့် အကြောင်းတွေပဲဟု ခံစားနားလည်မိသည်။ အချို့ကို တေးမှတ်၍ထားရသည်။

ပညာလို အိုသည်မရှိဟု စကားရှိသည်။

ထို့အတူ မသိလျှင် မှတ်သားဗဟုသုတပွားသည်ဟု ယူဆသည်။

(၂)

လှတောသားနှင့် သူတို့စကားက နှစ်ပေါင်း (၄၀)မှ စ၍ ရေပန်းစားခဲ့သည်။

စင်စစ် လှတောသား၏ စကားက စကားသက်သက် မဟုတ်။ အပျော်အပျက်မဟုတ်။

စကားနောက် တရားပါဆိုသည့် လူကြီးသူမတို့၏ စကားနှယ်ပင် လှတောသား၏စကားများကို လေ့လာလျှင် လွန်ခဲ့သည့် နှစ်ပေါင်း(၄၀)ကျော်က ခေတ်ကာလအခြေအနေကို ဖော်ပြနေသည်။

ထိုခေတ် ထိုအချိန်က လူမှုရေး၊ စီးပွားရေးအခြေအနေတို့ ဖွင့်ဆိုပြနေသည်။ သမိုင်းခြေရာတစ်ခုဟုလည်း ပြောရမည်။ မီးမောင်းထိုးပြသည့်နှယ် ရှိသည်။

ယင်းသမို့ ကျွန်တော်သည် လှတောသားတို့၏စကားနှင့် ပတ်သက်၍ စာတစ်အုပ် စီစဉ်ချင်သည်။ အများနှင့်မတူဘဲ ထူးခြားသည့်စာတစ်အုပ် ဖြစ်စေချင်သည်။

စီစဉ်မည်ဟု ဆုံးဖြတ်မိသည်။

(၃)

လှတောသားနှင့် ဦးပေါ်ဦးပုံပြင်ဟာသစကားများ စာအုပ် သည် လှတောသား၏စကား အလင်္ကာများဖြစ်သဖြင့် တူညီသည်ဟု ထင်ကောင်းထင်မည်။ မိမိကမူ မတူညီသော တူညီခြင်းဟု ဆိုရမည်။

ထို့အတူ စာဖတ်သူအား အကျိုးတစ်စုံတစ်ရာ ပြုနိုင်မည်ဟု ယုံကြည်မိသည်။

*စာဖတ်သူများရဲ့ . . .*

နေဘုန်းဝေ

## အပိုင်း (နှစ်)

### လှတောသား စကားပဒေသာ



## ခေါင်း ငါးတင်းဝင်ပုတ်လောက်ကွယ်

လှတောရွာတွင် ဈေးတန်းရှိ၏။ ထိုဈေးတန်းတွင် လှတောရွာသားတို့ လုပ်ကိုင်စားသောက်ကြ၏။ အသက်မွေးဝမ်းကျောင်းမှုအဖြစ် အချို့က ဈေးရောင်း၍ အချို့က ဆံပင်ညှပ်သောအလုပ်တို့ လုပ်ကိုင်ကြ၏။

အထူးသဖြင့် ဆံပင်ညှပ်သည့်အလုပ်နှင့် အသက်မွေးဝမ်းကျောင်းသူ ပို၍များသည်။

ထိုဆံပင်ညှပ်ဆိုင်များထဲတွင် လူအစည်ကားဆုံး၊ ဆံပင်ညှပ်ရဆုံးက မောင်စိန်နှင့်ညီများ ဆံသဆိုင်ဖြစ်၏။

မောင်စိန်နှင့်ညီများ ဆံသဆိုင်က သပ်ရပ်သလို နေရာလည်းကောင်း၏။ ပြီးတော့ မောင်စိန်က ပေါင်းသင်းဆက်ဆံရေးလည်း အလွန်ကောင်း၏။



မောင်စိန်ဆိုင်တွင် နေ့စဉ်ထုတ် သတင်းစာတစ်စောင်ယူထားသလို လစဉ်ထုတ် မဂ္ဂဇင်းစာအုပ်များလည်း ရှိသဖြင့် ထိုဆိုင်တွင် စာပေဝါသနာရှင်များနှင့် စည်ကားနေတတ်၏။

ထို့ကြောင့် မောင်စိန့်ဆိုင်တွင် နေ့စဉ် နံနက် မိုးလင်းသည်နှင့် လူစည်ကားနေတတ်၏။

မောင်စိန့်ဆိုင်၏ ဆံပင်ညှပ်ခုံရှေ့ မှန်အထက်နားတွင်-

လူကြီး ဒီ-၅ဝိါး

ကလေး ဒီ/

ခေါင်းတုံး- ၇၅ ပြားဟု ရေးထား၏။

တစ်နေ့တွင် အရပ် (၆)ပေ၊ ကိုယ်အလေးချိန် (၂၀၀) ကျော်ရှိမည် ထင်ရသည့် လူကြီးတစ်ဦး ရောက်လာ၏။ ထိုလူကြီးက အလွန်လည်းဝ၏။

သူက ဆိုင်းဘုတ်ကိုဖတ်ရင်း-

'ငါ့တော့ (၇၅)ပြားပဲ ယူပါကွာ၊ ငါက မင်းတို့ခေတ်လို လုဖို့ပဖို့ မလိုပါဘူး၊ ပြောင်ရင်တော်ပါပြီ'ဟု ပြော၏။

ဆိုင်ရှင် လှတောသားက မျက်မှောင်ကြုံ့လိုက်ပြီး-

'အလိုလေး… ဘာပြောတယ်၊ တကယ်ဆို ခင်ဗျားကို ပိုယူရမှာဗျ၊ ဒီလောက်ကြီးကျယ်တဲ့လူကွယ်၊ ခင်ဗျားခြုံပေးဖို့ပိတ်စကို သွားဖြတ်ရဦးမှာ၊ ခေါင်း ငါးတင်းဝင်ပုတ်လောက်နဲ့ကွယ်'ဟု ချေပပြောလိုက်လေသတည်း။



## မော်တော်ဆိုင်ကယ်ပျက်နှိုးထားမှတ်ရ

ဝက်လက်မြို့တွင် ဖြစ်၏။

ဝက်လက်မြို့တွင် နာရီပြင်ဆိုင် များစွာရှိ၏။ ထိုနာရီပြင်ဆိုင်တစ်ဆိုင်ကား လူတောသားတို့ ခင်မင်၏။

ထိုဆိုင်တွင် နေ့စဉ်မပြတ် လူတောသားတို့ ရှိနေတတ်၏။ တစ်ဦးက-

'ကျုပ် နာရီပြင်မလို့ဗျ'

ဟု ပြောပြီး နာရီဖြုတ်ပြ၏။

နာရီ နာရီပြင်ဆရာလက်မရောက်မီ လူတောသားတစ်ဦးက လှမ်းယူလိုက်ပြီး-


'မှန်း… ငါကြည့်စမ်းမယ်၊ အလိုလေးကွယ်… နာရီကြီးနှယ် နံပါတ် (၉)ဆန့်စက် မီးဖောင်မှတ်ရလေ။ မြည်လိုက်



လေကွယ်၊ မော်တော်ဆိုင်ကယ်ပျက် နှိုးထားမှတ်ရ'

ဟု ပြောပြီး သက်ပြင်းရှိုက်ကာ 'ဒီနာရီမျိုး ပြင်ပေးရလို့ကတော့ (၅၀)မရဘဲ မပြင်ပေးနဲ့ဗျို့၊ နာရီဆေးဖို့ ဓာတ်ဆီတစ်ပီပါနဲ့ တံမြက်စည်းကြမ်းတစ်ခြင်း ကုန်မှာတော့ သေချာတယ်' ဟု ပြောလိုက်၏။

■



## တိုက်တည်ရလောက်ပြီကွယ်

ဝက်လက်နေသူအချို့က ရွှေဘိုသို့ အလုပ်လုပ်သွားရန် ကားစုငှားကြသလို အချို့က ဆိုင်ကယ်နှင့် ရုံးတက်သည်။

မော်တော်ဆိုင်ကယ်နှင့် ရုံးတက်သူများက ဥပဒေအကျိုးဆောင်များဖြစ်၏။

တစ်နေ့။

ဝက်လက်မှ အမှုလိုက်ပြီး အကျိုးဆောင်တစ်ဦး ဆိုင်ကယ်နှင့် ပြန်လာ၏။ သူ့ခရီးဆုံးက လူတောရွာဖြစ်၏။

ဆောင်းရာသီ၊ နွေရာသီအခါမျိုးတွင် ဆည်မြောင်းလမ်းအတိုင်း သွားရ၏။ မိုးရာသီတွင် ဆည်မြောင်းလမ်းမှ သွား၍မရချေ။ ဆည်မြောင်းဌာနမှလည်း ခွင့်မပြုချေ။

သို့အတွက် မိုးရာသီတွင် ကားလမ်းကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ကားလမ်းမှသွားရ၏။

ဝက်လက် လှတောကားလမ်းကလည်း ကျောက်ခဲစား လျှင်ပင် အစာကြေလောက်သည်။

လကမ္ဘာ၏ မျက်နှာပြင်လို ချိုင့်ခွက်တွေရှိ၏။

သို့သော် မသွားလျှင် မဖြစ်သူများမို့ သွားရသည်။

ယခုလည်း ဥပဒေအကျိုးဆောင်ကြီး သွားရပြီ။ ဥပဒေ အကျိုးဆောင်ကြီး လှကောရွာထိပ် လက်ပံပင်အောက်သို့ အရောက် ဆိုင်ကယ်ပျက်ပါလေတော့သည်။

'ဟူး… ဒုက္ခပဲ'

အကျိုးဆောင်ကြီး ကျောက်လှည့်မျိုးစုံနှင့် ဆိုင်ကယ် ပြင်ရ၏။

ယင်းသို့ ဆိုင်ကယ်ပြင်ရာအနီးသို့ ကျွဲကျောင်းနေသော လူငယ်တစ်ဦး ရောက်လာ၏။

ဆိုင်ကယ်က ပြင်လိုက်၊ နှိုးလိုက်နှင့် -

ထိုအခါ ကျွဲကျောင်းသား လှတောသားလူငယ်က -

'အလိုလေးကွယ့်… ဒီလိုသာ မောင်းအငှား ထောင်း စားရင် တိုက်တည်ရလောက်ပြီကွယ့်' ဟု ပြောသွားလေ၏။

■

## နဂါးလှည့် ရက်ရာဇာ

နံနက်ခင်းဖြစ်၏။

လှတောရွာ အနောက်ဘက်တွင်ရှိသည့် လက်ဖက် ရည်ဆိုင်တွင် လှတောသားတစ်စု လက်ဖက်ရည်သောက်နေ ကြ၏။ လှတောသားတို့ စပ်မိစပ်ရာပြောရင်း တစ်ဦးက -

'ဒီနှစ် ဝါးဖြူတောင်သွားပြီး အလုပ်လုပ်ရရင် ကောင်း မလားလို့ စဉ်းစားမိတယ်' ဟု ပြော၏။

'သွားမယ်ဆိုရင် စီစဉ်သင့်တယ်' ဟု ပြော၏။

ထိုအခါ တစ်ဦးက 'ခရီးသွား၊ ခရီးသွားနဲ့ ရက်ရွေး ပြီးမှသွားဟ၊ နတ်နဲ့ ရင်ဆိုင်ဖြစ်နေဦးမယ်၊ ပြဿဒါး၊ ရက်ရာဇာ လည်းရွေးသွား၊ ခရီးသွားရင်း အကြောင်းတစ်ခုဖြစ်လာရင် ရက်မလွတ်လားဆိုပြီး တအုံ့နွေးနွေးဖြစ်နေဦးမယ်' ဟု ပြော၏။

ထိုအခါ ခရီးသွားမည့်သူက -

'ဟုတ်တယ်ဗျို့… ဒီလိုဆို တွက်ပါဦး' ဟု ပြော၏။





သည်သောအခါ ဗေဒင်ကျွမ်းကျင်သူတစ်ဦးက ပထမ တွင် နဂါးလှည့်၊ နတ်နေ့ အရင်တွက်ပြ၏။

ထိုစဉ် လှတောသားတစ်ဦးက -

'တော်စမ်းပါကွာ၊ နဂါးလှည့်၊ ရက်ရာဇာတွေ တွက် မနေစမ်းပါနဲ့၊ နဂါးမပြောနဲ့ မြွေတောင် အမျိုးစုံအောင် မမြင် ဖူးတဲ့လူက' ဟု ဝင်ပြောလိုက်ရာ အားလုံးမပြုံးဘဲ ဝါးလုံးကွဲ အောင် ရယ်ကြလေသတည်း။

■



## ပျာချေးဝါတွေမှတ်ရ ငါးမန်းစွယ်တွေလားမှတ်ရ

နံနက်ခင်း။

နေခြည်တို့ ဖြာလက်ပြီး လေပြည်က သုတ်မြူးနေ၏။

လှတောသားတစ်စုသည် စကားတပြောပြောနှင့် လမ်းလျှောက်လာကြ၏။

လှတောရွာ အနောက်ဘက်တွင် လက်ဖက်ရည်ဆိုင်များရှိ၏။ တစ်ဦးက လက်ဖက်ရည်ဆိုင်ကို လှမ်းကြည့်ပြီး–

‘လက်ဖက်ရည်သောက်ကြမလား’ ဟု မေး၏။

‘ကောင်းတာပေါ့၊ လက်ဖက်ရည်သောက်ရင်း စကားပြောကြတာပေါ့’ ဟု ပြော၏။

ထို့နောက် လှတောသားတစ်စု လက်ဖက်ရည်ဆိုင်တွင်းသို့ ဝင်ခဲ့၏။ ဆိုင်တွင်း၌ လူသိပ်မရှိ။

စားပွဲလွတ်တစ်ခုရှေ့တွင် ရပ်လိုက်၏။



စားပွဲပေါ်တွင် ရေနွေးအိုးနှင့် ပန်းကန်များရှိ၏။ ပန်းကန်များက အနားပဲ့နေ၏။ ယင်တွေအုံနေ၏။

တစ်ဦးက ပဲ့နေသော ပန်းကန်ကိုကိုင်ပြီး ပြန်ချကာ–

‘ဟေ့… မင်းတို့ ပန်းကန်တွေ သိမ်းပါဦးဟ၊ အုံနေလိုက်တဲ့ယင်တွေကလည်း ပျာချေးဝါတွေ မှတ်ရပဲ၊ လိုက်တဲ့ပန်းကန်ကလည်း ငါးမန်းစွယ်တွေလားမှတ်ရ’ ဟုပြောလိုက်၏။

ထိုအခါ လှတောသားတစ်စုသည် တသောသောနှင့် ရယ်မောကြလေသတည်း။

■

## ဆေးပေါ့လိပ် ကြောင်ခုတ်သလို

တစ်နေ့။

လှတောရွာအလယ်တွင် လူတွေစုရုံး စုရုံးဖြစ်နေသဖြင့် ကျွန်ုပ် စိတ်ဝင်စားသွားသည်။ ထို့ကြောင့် အနားတွင်ရှိသည့် လူငယ်အား ကြည့်လိုက်ပြီး–

‘စည်ကားလှချည်လား၊ ဒါဘာပွဲလဲကွ’ ဟု မေးလိုက်၏။

လူငယ်က မပြောဘဲ စောင်းငဲ့ကြည့်သည်။

‘ဟဲ့… ချာတိတ်၊ ငါမေးတာ ပြောပါဦးကွ’

‘အလကားပါဗျာ၊ ရန်ဖြစ်တာပါ’

ထိုအခါ အံ့ဩစွာဖြင့် ကျွန်ုပ်က–

‘ဟ… ရန်ဖြစ်တာလား၊ ဘယ်သူတွေလဲကွ’

‘ကိုတောတို့ဗျာ၊ ပျိုးခင်းနွားစားလို့ ရန်ဖြစ်တာ’

ကျွန်ုပ် သက်ပြင်းချပြီး–

‘ပျိုးခင်းနွားစားတာများကွာ ဒီလောက် အုတ်အော်သောင်းနင်းဖြစ်ရတယ်လို့’



'ဖြစ်တာလည်း မပြောနဲ့လေ၊ ပျိုးခင်းတွေက မနက်စိုက်မယ့် ပျိုးခင်းတွေဗျ၊ ဒီပျိုးခင်းကို နွားစားတော့ မိန်းမချင်းကစပြီး ယောက်ျားတွေပါ ပါကုန်တာ'

ကျွန်ုပ်က-

'ဟ… ယောက်ျားတွေက မိန်းမတွေတုပြီး ဆဲကြဆိုကြသလား' ဟု မေးရ၏။

'ဘယ်ဟုတ်မလဲ… မိန်းမတွေကမြှောက်ပေးလို့လေ' ဟု ပြောရင်း အဟီ ရယ်သည်။

'ဘာ… မိန်းမတွေက မြှောက်ပေးတယ်'

'ဟုတ်တယ်လေ… မိန်းမတွေက မြှောက်ပေးလို့ တုတ်နဲ့ရိုက်ကြတာ'

'ဟုတ်လား… ဘယ်သူအရိုက်ခံရလဲ'

'ကျောင်းပေါက်တိုက် ကိုတောပေါ့ဗျာ'

'ဘာ'

'ရန်ဖြစ်လိုက်ရင် သူချည်း အရိုက်ခံရလို့ ကျောင်းပေါက်တိုက် ဖိနပ်ခါသလို အရိုက်ခံရလွန်းလို့ ကျောင်းပေါက်တိုက်ကိုတောလို့ အမည်တွင်တာ'

'ဖြစ်ရလေ… အတော်နာသွားသလား'

'နာတာ မနာတာတော့ မသိဘူး၊ ဆေးပေါ့လိပ်ကြောင်စုတ်သလို စုတ်ပြတ်နေတာပဲ' ဟု ပြောလိုက်ရာ ကျွန်ုပ်ဟင်းချလိုက်မိပါသည်။

■



## နာခေါင်းပေါက် ငယ်ထိပ်ရောက်နေပြီ

လှတောသားတို့က ခင်မင်တတ်သည်။ မိတ်ဆွေအပေါင်းအသင်းများ ရောက်လာလျှင် ပျူငှာစွာ ကြိုဆိုဆက်ဆံခရီးဦးကြိုပြုသည်။

တစ်နေ့။

လှတောရွာသား ဦးထွေး၏အိမ်သို့ ဧည့်သည်တစ်ဦးရောက်လာသည်။ သူကလည်း လှတောသားတစ်ဦးပင်။ ဧည့်သည့်အမည်က ဦးချမ်းဖြစ်၏။

'ရော… မောင်ချမ်းပါလား၊ ဝမ်းသာလိုက်တာကွာ၊ လာ… လာ' ဟု ခေါ်ရင်း ဖက်လဲတကင်း ကြိုဆိုသည်။

'မင်း နေကောင်းရဲ့လား၊ မရောက်တာကြာပြီ၊ ဒီမှာ ကြာကြာနေမယ်မဟုတ်လား' ဟု စကားတွေ ရေပက်မဝင်အောင် ပြောသည်။

ဦးချမ်းက အပြုံးနှင့်ကိုင်လိုက်ပြီး ရင်ဘတ်ကို လေနှင့်မှုတ်ရင်း-

'ရာသီဥတုက ပူလွန်းပြီး အိုက်လိုက်တာ ငထွေးရာ၊ ငါ့ကို ယပ်တောင်ကလေးပေးစမ်းပါ၊ တွေ့ချင်လွန်းလို့သာ လာရတာ၊ ခရီးကပန်းတာ လွန်ရော၊ ဒါထက် မင်း အခုကလေးဘယ်နှစ်ယောက်ရပြီလဲ' ဟု မေး၏။

ဦးထွေးက ပြုံးလျက် 'ကဲပါ ဖြည်းဖြည်းပေါ့၊ အမောပြေနားရင်း ယပ်လေးဘာလေးခပ်ရင်း ပြောတာပေါ့၊ ကလေးက ခုဆို ခြောက်ယောက်ရှိတယ်လေ' ဟု ဆို၏။

'အားလုံး ကျန်းကျန်းမာမာပဲလား'

'မာမာဆာဆာပဲဆိုပါတော့၊ အကြီးဆုံးကဆို အခုအိမ်ထောင်ကျသွားပြီ'

ထို့ကြောင့် ဦးချမ်း အံ့သြသွားသည်။

'ဟ… ဒီအရွယ်တောင် ရှိနေပြီလား'

ဦးထွေးက ပြုံးလျက်-

'ဒါပေါ့ဟ… နဖူးသာ သားမရှိ၊ မယားမရှိ၊ ငရုတ်ကျည်ပွေ့ဖြစ်နေတာ'

ဦးချမ်းက ပြုံးလျက်-

'ကဲ… ပြောတော့၊ ပြောတော့' ဟု ပြော၏။

သိုင်းကားများထဲမှ သိုင်းမင်းသားများလို ဦးချမ်းသည် ယပ်တောင်ကလေး တဖျပ်ဖျပ်ခတ်ရင်း ဦးထွေး၏အိမ်သို့ လှည့်ပတ်ကြည့်သည်။



ဦးထွေး၏ တစ်အိမ်လုံးက ဓာတ်ကြော်ငြာ၊ အငြိမ့်ကြော်ငြာ၊ ဆိုင်းကြော်ငြာ ဓာတ်ပုံများနှင့် နံရံပတ်လည်တွင် ဝိုင်းဝိုင်းလည်နေ၏။

ဦးချမ်းက-

'ငထွေး'

'ဘာလဲဟ'

'ကဲ… နှင့်အိမ်က ထရံကာစရာမလိုအောင် ကြော်ငြာတွေနဲ့ လုံနေပါလား' ဟု ပြောရင်း အိမ်ကပြင်တွင် ထိုင်လိုက်၏။ ရေနွေးကြမ်းပန်းကန်ကို လှမ်းကာယူပြီး ရေနွေးကို ငှဲ့သောက်လိုက်၏။

ရေနွေးသောက်ရင်း-

'အလိုလေး… ငထွေးရယ်၊ နှင့်ရေနွေးကလည်း ရေနွေးသာဆိုရ ကျင်စက်နဲ့တို့ထားသလိုပါပဲလား၊ လက်ဖက်ခြောက်အနံ့ဆိုလည်း ဘာနံ့မှ မရပါလား'

ထိုအခါ ဦးထွေးက-

'ကိုချမ်းရယ်… ခင်ဗျား နှာခေါင်းပိတ်နေတာဖြစ်ပါလိမ့်မယ်၊ ကျုပ် အခု ခင်ဗျားကိုတိုက်တဲ့ လက်ဖက်ခြောက်က အကောင်းစားဗျ' ဟု ပြော၏။ ဦးချမ်းက ပြုံးပြီး-

'ငါ့နှာခေါင်းကဖြင့် ဘယ်ပိတ်လိမ့်မလဲ၊ နှာခေါင်းပေါက် ငယ်ထိပ်ရောက်နေပြီကွယ့်' ဟု ပြောရင်း ရယ်ကြလေသတည်း။

■

## ဓားသွေးကျောက်လား ကျောက်စိမ်းတုံးလား

လှတောသားတို့က ဝိုင်းဖွဲ့စကားပြောသည့် အလေ့အထရှိသည်။ ဆေးလိပ်သောက်ရင်း ဟိုအကြောင်း သည်အကြောင်း သောင်းပြောင်းထွေလာ ပြောတတ်သည်။

တစ်နေ့ စကားပြောရင်း နေ့ချင်းညချင်း ကြီးပွားခဲ့သူ တစ်ဦးအကြောင်း ရောက်သွားသည်။

'ဒီအကောင်ကြီးပွားပုံကတော့ အံ့ရောပဲ၊ ဘာအ[illegible]ကျ်များတွေ့သွားသလဲ မသိဘူး' ဟု တစ်ယောက်က ပြော၏။

တစ်ဦးက ပြုံးလျက်-

'ငါကတော့ ဒီအကောင်မြင်တဲ့အကွက်က ကောင်းကွက်မဟုတ်ဘူးလို့ ထင်တယ်၊ ပြေးကြည့်ရင် ဒီကောင်က အမြဲတမ်း မဟုတ်တာချည်းလုပ်တတ်တာ၊ ဒီကောင့်အကြောင်း ငါအသိဆုံးပါ'

‘ဟုတ်လား… ဒါဆို ပြောစမ်းပါဦး’

‘အေး… ပြောရရင် ဒီကောင်က သူ့အမေမွေးလို့ လက်ကလွတ်လိုက်ကတည်းက ကောင်းတာမလုပ်တဲ့သူလေ’

‘ဒါတော့ ငါမသိဘူး၊ ငါသိတာကတော့ အခု ဒီကောင် တိုက်နဲ့ ကားနဲ့ အတော့်ကို စမတ်ကျနေပြီ’

‘တော်စမ်းပါကွာ၊ သူ့တိုက် အပြင်ကနေကြည့်ရင် ဘုန်းကြီးပျံလောင်တိုက်မှတ်ရ အရောင်မျိုးစုံ၊ အထဲဝင်သွားတော့ ခြေထောက်တောင် ခြေဆင်းမအိပ်လောက်ပါဘူး’

‘မင်းကတော့ လုပ်ပြီ’

‘ဟုတ်တယ်… ငါသာ ထီပေါက်လိုက်ရင် ဒီတိုက်ကို အပြတ်ဝယ်ကိုဝယ်လိုက်မှာ’

‘ဘာလုပ်ဖို့လဲ’

‘ဟ… ဝယ်ပြီး ငှက်ပျောသီးအုပ်မှာပေါ့ကွယ်၊ သူ့တိုက်က ဒီလောက်လုပ်ဖို့ပဲကောင်းတာ’

ထိုစဉ် တစ်ဦးက-

‘မဟုတ်ဘူးကွ၊ ဒီကောင် နေ့ချင်းညချင်း ကြီးပွားသွားတာ၊ ငါကတော့ မဟုတ်မှလွဲရော၊ ဒီကောင် ရှာဖွေရေးလုပ်ရာက ပွသွားတယ်ထင်တယ်’ ဟု ပြော၏။

‘ဟုတ်ပါ့… အခုမှသတိရတယ်၊ တစ်နေ့ကလည်း ဒီကောင် ရန်အောင်မန်းကားပေါ် တက်ရှာနေလိုက်တာကွယ်၊ မျှစ်တောင်းထဲက ကျောက်စိမ်းတုံးတွေမိဆိုလားပဲ၊ တူလို့ပါ မောင်ရာ၊ ဒီကျောက်စိမ်းတုံးက တကယ့် သိန်းတန်ကျောက်



သောင်းတန်ကျောက်နဲ့ အားပါးတရပြောနေကြတာ၊ ငါဖြင့် ရယ်ချင်လိုက်တာ လွန်ရော’

‘ဘာဖြစ်လို့လဲ’

‘ဟ… ဒီကောင်က ကျောက်စိမ်းမပြောနဲ့၊ ဓားသွေးကျောက်မှ ကောင်းကောင်းမရွေးတတ်တဲ့သူပဲ၊ ဒါကို သိန်းတန် သလေး သောင်းတန်သလေးနဲ့’ ပြောရင်း ရယ်ကြလေသတည်း။

■



## လုပ်အားပေး လှည်းတန်းကြီး

လှတောသားတို့ရွာတွင် ပြောစမှတ် စကားတစ်ခု ရှိ၏။ ထိုစကားက အခြားမဟုတ်။

ဝက်လက် လှတောလမ်းသည် ‘မကောင်းတကာ့ ထိပ်ပိတ်အဆုံးတကာ့ ထိပ်ဆုံး’ ဟု ဖြစ်သတည်း။

သို့သော် ယင်းသို့ မကောင်းခြင်းတွင် ထိပ်ဆုံး ရှေ့ဆုံးမှ ပြေးနေသည့် ဝက်လက်လှတောလမ်းကို ၁၅-၄-၇၇ ခုနှစ်ကစကာ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဝက်လက်မြို့နယ်အတွင်းရှိ ကျေးရွာအချို့အား ပါတီကောင်စီ၏ ကြီးကြပ်စည်းရုံးမှုဖြင့် ပြုပြင်ခဲ့၏။

ထို့ကြောင့် ကားလမ်းဘေးရှိ ကျေးရွာအုပ်စု (၁၉) အုပ်စုမှ တောင်သူလယ်သမားများက တစ်အိမ်လျှင် လှည်းနှစ်စီးနှုန်းဖြင့် ကျောက်သယ် လုပ်အားပေးကြရ၏။

ကျောက်ကျင်းသို့ အသွားအပြန် (၃၂)မိုင် ဝေး၏။ ကျောက်သယ်သည့် လှည်းများမှာ တစ်နေ့တစ်နေ့ ရာနှင့်ချီ၍ရှိ၏။

ရှေ့မှလှည်းမှာ နိုင်ငံတော်အလံစိုက်၍ နောက်ဆုံးလှည်းမှ အသံချဲ့စက်သံ ညံနေ၏။

ယင်းသို့ တပျော်တပါး လုပ်အားပေးနေကြသည်မှာ တစ်နေ့မဟုတ်။ တစ်ရက်မဟုတ်။ လနှင့်ချီ၍ကြာသည်။ စိတ်ဓာတ်က သံမဏိစိတ်ဓာတ်ဖြစ်၍ ချီးကျူးဖွယ်ရာလည်းကောင်းလှ၏။

ထို့အတူ ချီးကျူးဖွယ်ရာသော စိတ်ဓာတ်ဟုလည်းဆိုရမည်။

လှတောနှင့် ဝက်လက်က ခုနစ်မိုင်ဝေးသည်။ ယင်းခုနစ်မိုင်ခရီးဝေးသော လမ်းအား လှည်းနှစ်စီးယှဉ်၍ ကျောက်ခင်း၏။

နေ့စဉ်နှင့်အမျှ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လုပ်သားပြည်သူများ၊ ပြည်သူ့ရဲများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ လုပ်အားပေး ကျောက်ဖြန့်ကြသည်။

သို့နှယ်ပင် ကျောက်သယ်လုပ်သား၊ ကျောက်ချလုပ်သား၊ ကျောက်ဖြန့်လုပ်သား စသည်ဖြင့် လုပ်အားပေးနေသူများကလည်း ရာနှင့်ထောင်နှင့်ချီ၍ရှိ၏။

ကုသိုလ်ပြု ကျွေးမွေးသူတွေကလည်း ဒုနှင့်ဒေးညီကား အံ့ဩချီးမွမ်းဖွယ် စိတ်ဓာတ်ပင်တည်း။



တစ်နေ့ လှတောသားနှစ်ဦး မြို့နယ်သမဝါယမအသင်းသို့ ကုန်ထုတ်လာကြ၏။

လမ်းမပေါ်သို့ရောက်လျှင် တမျှော်တခေါ် စီတန်းလာသော လှည်းတန်းကြီးအားကြည့်ကာ အစမှအဆုံး ရေတွက်သည့်သဘောနှင့် တစ်၊ နှစ်၊ သုံး၊ လေး စသည်ဖြင့် ရေတွက်နေရာ ပါလာသည့် လှတောသားက လှည်းတန်းကြီးအား လှမ်းမျှော်ကြည့်လိုက်ပြီး "ကဲ… ရေတွက်မနေနဲ့၊ ဒီလှည်းတန်းက အရှင်မောဂ္ဂလာန် ဆင်းပြီး ရေတွက်လို့တောင် ရမှာမဟုတ်ဘူး၊ ဘယ်ကျမှ ဆုံးမယ်မှန်းလည်း မသိဘူး၊ ဒါကို ရေတွက်နေရင် ကုန်ထုတ်ရမှာမဟုတ်ဘူး"ဟု ပြောရင်း သူ့အဖော်အား ဆွဲခေါ်သွားလေသတည်း။"

■



## နတ်အုန်းသီးပေါ် ယင်သနားသလောက်ရှိတာ

လှတောရွာတွင် ဦးစံဖော်နှင့် ဒေါ်သီလမည်သော ဇနီးမောင်နှံရှိ၏။ သူတို့လင်မယားအား လှတောသားတို့က လိုက်ဖက်ညီသည့် လင်မယား၊ လိုက်ဖက်သည့်လင်မယားဟု ပြော၏။

ဦးစံဖော်က အပျော်အရွှန်း အလွန်ပြော၏။ ထို့အတူ ဒေါ်သီလက လင်အပေါ် အလွန်ကောင်း၏။

တစ်နေ့။

ဦးစံဖော် ဥပုသ်စောင့်ပြီး သစ်ပင်ရိပ်တစ်ခုတွင်နေ၏။ ထိုစဉ် သူ့အနားသို့ လူသုံးလေးဦး လာရောက်ထိုင်ကြ၏။

သစ်ပင်ကား ကုက္ကိုပင်ဖြစ်ပြီး အရိပ်အာဝါသကောင်းသည်။

ကုက္ကိုပင်ပတ်လည်တွင် ဝါးကွပ်ပျစ် ခင်းထား၏။ ဦးစံဖော်နှင့် ဒေါ်သီလတို့ လင်မယားက လိုက်ဖက်ညီသလို

စည်းကမ်းလည်းကြီး၏။ ဖြူပြင်ထိန်းသိမ်းခြင်းလည်း ဝါသနာပါ၏။

ထို့ကြောင့် ထိုကွပ်ပျစ်ကလေးမှာ ထိုင်ချင်စရာ ဝင်းပြောင်နေ၏။

ဥပုသ်နေ့ဖြစ်သည့်အားလျော်စွာ အနားတွင် ထိုင်နေသူများက တရားစကားပြောကြ၏။

ဦးစံဖော်ကလည်း တတ်သရွေ့မှတ်သရွေ့ တရားစကားပြော၏။

'လူတွေဟာ ခန္ဓာကိုယ်ကို တွယ်တာမက်မောကြလွန်းလို့ ဒီသံသရာက မလွတ်နိုင်ကြတာ၊ အရေးကြီးတာက အာရုံငါးပါး၊ ကာမဂုဏ်တရားကို မြင်အောင် ရှုနိုင်ဖို့လိုတယ်'

'ဟုတ်ပါ့ ဦးစံဖော်'

'လောကကြီးမှာ ဖြစ်လိုက်၊ ပျက်လိုက်ဖြစ်နေတာ၊ ဒါကြောင့် အနိစ္စ၊ ဒုက္ခကို သိဖို့လိုတယ်၊ ဒါမှ သံသရာအပုပ်နံ့က လွတ်နိုင်မယ်၊ ပြောရရင် အပုပ်ကောင် သရုပ်ဆောင်တာကို အဟုတ်ထင်လို့ ဒုက္ခကြုံနေတာ၊ ဒါကြောင့် တစ်ခါတစ်ခါကျုပ်တော့ သျှောင်တစ်လုံးတောင် အဆုံးခံလိုက်ချင်ပြီ' ဟု ပြော၏။

ဒေါ်သီလက ဦးစံဖော်ကို တစ်ချက် ကွက်ခနဲကြည့်လိုက်၏။ ဦးစံဖော်သည် ယခုတစ်လော သျှောင်ကလေးကို ပွတ်ကာ ပွတ်ကာ သျှောင်တစ်လုံးအဆုံးခံချင်သည့်အကြောင်း၊ စိမ့်ကြီးမြိုင်ကြီးထဲမှ စိပ်ပုတီးဆွဲပြီး တောထွက်လိုသည့်



အကြောင်းကို စကာ စကာ ပြောနေသည်။

ဒါကို ဒေါ်သီလ မကြိုက်။

ထို့ကြောင့် သည်တစ်ခါ ဦးစံဖော်ပြောလိုက်သည်နှင့် ဒေါ်သီလက-

'အမယ်လေး...ကိုစံဖော်ရယ်၊ ကြီးကြီးကျယ်ကျယ်တွေ ပြောမနေနဲ့၊ သျှောင်တစ်လုံး အဆုံးခံမယ်၊ အဆုံးခံမယ်နဲ့ သူများကသာ ဆံပင်ကောင်းလို့ နှမြောကြတာ၊ တော့်လိုလူက ဘာနှမြောစရာလိုလဲ၊ တော့်ဆံပင်က နုတ်အုန်းသီးပေါ်ယင်နားသလောက်ရှိတာ ဘာနှမြောစရာလိုသေးလဲတော့' ဟု အားပါးတရပြောလိုက်၏။

■



## တံခွန်တိုင်က နတ်ရုပ်

ယခုအခါတွင် လှတောရွာက ယခင်လို မဟုတ်တော့။ အိမ်ကြီးအိမ်ကောင်းများ ပေါများလာသလို ငွေကြေးပြည့်စုံသူများလည်း ပေါများလာသည်။

သို့သော် ယခင်ကမူ ယခုနှင့်မတူ။

လွန်ခဲ့သည့် အနှစ် (၂၀)က အဖြစ်။

လှတောရွာ တစ်ရွာလုံး ဓားပြအတိုက်ခံရသည်။ ဓားပြမှာ လူနှစ်ဆယ်ခန့်ရှိပြီး လက်နက်ကိုယ်စီနှင့်ဖြစ်သဖြင့် အားလုံး တုတ်တုတ်မျှမလှုပ်ရဲကြ။

ဓားပြများက တစ်အိမ်ဝင်တစ်အိမ်ထွက် အကုန်လုံး မွှေသည်။

မိန်းမများ၏ နားတွင်ပန်ထားသည့် နားကပ်မှအစ ရရာပစ္စည်း အကုန်ယူသည်။

ဖရှည်းတောင်းမရှသူအား မချိမဆန့်ရိုက်သည်။

ထိုစဉ်က လှဘေးမှာသူ ရွာသားများလည်း အရှင်လတ်လတ် ငရဲသို့ ရောက်နေသည်နှင့်တူသည်။

နံနက်မိုးသောက် အလင်းရောက်ခဲ့ပြီဖြစ်၏။

ခြင်များလည်း ထွက်သွားကြပြီဖြစ်သည်။

သည်အခါ ရွာသားများသည် ထုံးစံအတိုင်း ဘေးအန္တရာယ်ကင်းရှင်းသွားသည့်အခါ ပျော်သွားသည်။

တစ်ညလုံး ခြင်များမွေသွားပုံကို ဝိုင်းဖွဲ့ကာ လှတောသားတို့ ထုံးစံအတိုင်း တပျော်တပါး ပြောကြဆိုကြသည်။

'ငါ့စပါးတိုက်အောက်ကနေ ကြည့်နေတာကွယ်၊ ခြင်ရိုက်နေပုံကတော့ကွယ် ရွှေကျင် ပန်းပဲတူ ထုနေမှတ်ရ၊ တချွမ်ချွမ်နဲ့ မြည်နေတာပဲ'ဟု တစ်ဦးက ပြော၏။

ထို့အတူ တစ်ဦးက-

'တို့များလည်း ဘာထူးလဲကွယ်၊ အိမ်ထဲက ချောင်းကြည့်နေတာ၊ ရဲမှိုင်းကို ခြင်ပြက ရိုက်လိုက်လေကွယ်၊ လူဖြင့်ကြွက်ကို ညှပ်နှင့်ညှပ်သလို ကော့ပါသွားတာပဲ'ဟုပြော၏။

'မပြောချင်ဘူး၊ အတော်ဆိုးတဲ့ ခြင်ပြတွေပဲကွယ်၊ ငါ ကောက်ရိုးခင်းပေါ်ကနေ ကြည့်နေတာ၊ ဖိုးချစ်ကို ကြိုးနဲ့တုတ်ဆွဲလာတာ တို့ဝင်းထဲလည်းရောက်ရော လိမ့်ကန်လိုက်လေကွယ်၊ ဘောလုံးကိုးသွင်းမယ့်ပုံမျိုးဟဲ့၊ အတော် 'ကစ်'ပြင်းတဲ့ကောင်ပါကွာ၊ ဖိုးချစ်တစ်ယောက် ခြင်ပြကို ရှိခိုးလိုက်တာ တခွန့်တိုင်နတ်ရုပ်မှတ်ရကွယ်'



'ညော်... မင်းတို့က ချောင်းကြည့်နိုင်သေးတယ်၊ ငါဖြင့် ကြောက်လွန်းလို့ စပါးကျီအောက် မြုံးနေအောင်ဝပ်ပြီး တတ်သမျှဂါထာတွေရွတ်ဆိုရတော့ ဂါထာကို ခြေရင်း၊ ခေါင်းရင်းမှန်းတောင် မမှတ်မိတော့ဘူး'ဟု ပြော၏။

လှတောသားတို့ကား တစ်ညလုံး ခြင်ပြုကိုက်သွားပုံအား အုပ်စုဖွဲ့၍ 'မဖောနိုင်၊ မပန်းနိုင်'ပြောကြရာ စိတ်မညစ်နိုင်၊ စိတ်မဆိုးနိုင်သည့်အပြင် တဝါးဝါး တဟားဟားပင် ရယ်ကြလေ၏။

လူကြီးများကမူ သက်ဆိုင်ရာသို့ တိုင်ကြားရန် မြို့သို့ ထွက်သွားကြလေပြီ။

■



## ဥနဲ့ပင်ဖက် ပတ်ပြီးသာသောက်ပေတော့

ရွှေကျင်ရွာတွင် သူငယ်ချင်းတစ်ဦးရှိ၏။ သူ၏အမည်မှာ ကိုဝင်းမြိုင်ဖြစ်၏။

သူက ဆေးလိပ် အလွန်ကြိုက်သည်။ ပါးစပ်တွင် ဆေးလိပ်ပြတ်သည်မရှိ။

တစ်လိပ်နှင့်တစ်လိပ် မီးကူး၍သောက်သည်။ လက်ထဲတွင်လည်း ဆေးလိပ်ပြတ်သည်မရှိ။

တစ်နေ့ ကိုဝင်းမြိုင် လှတောအလှူသို့ သွား၏။ ဆေးလိပ်ကြိုက်သည့် ကိုဝင်းမြိုင်က ဆေးလိပ်ကို မပြပ်တမ်းသောက်သည်။

ဆေးလိပ်သောက်သဖြင့် မီးခိုးတလုံးလုံးဖြစ်နေသည်။

ထိုအခါ ကိုဝင်းမြိုင်နှင့် ရင်းနှီးသည့် လှတောသားကိုချစ်ပိုက ကိုဝင်းမြိုင်ကို အသေအချာကြည့်ပြီး-

"မင်းမလဲကွာ၊ လွှန်လွှန်းပါရဲ့၊ ကြည့်ပါဦး… မင်း ပုဆိုးရော အင်္ကျီရော မီးလောင်ပေါက်ချည်းပဲ၊ သောက်လိုက်တဲ့ ဆေးလိပ်ကလည်း ဆန်စက်ခေါင်းတိုင် မီးခိုးထုတ်နေမှတ်ရ၊ ဒီလောက်တောင် ဆေးလိပ်ကြိုက်ရင် ဖက်လိပ်မသောက်နဲ့တော့၊ ဥနဲ့ပင်ဖက် ပတ်ပြီးတော့သာ မီးညှိသောက်ပေတော့"ဟု အားပါးတရ ပြောလိုက်လေသည်။

■

## လက်ဝါးနဲ့အုပ်ထားရမှ ပေါင်းတဲ့ကောင်

လူတောသားများတွင် ချစ်စရာကောင်းကွက်ရှိသည်။ သူတို့က တစ်ဦးနှင့်တစ်ဦး ပေါင်းပြီသင်းပြီဆိုလျှင် ကျွေးရ မွေးရ ပေးရကမ်းရမှ ကျေနပ်သည်။

တရင်းတနှီး ပေါင်းသင်းတတ်သည်။

ထို့အတူ ရင်းနှီးသွားပြန်လျှင်လည်း အရွတ်အနောက် အလွန်ပြော၏။

သို့ရာတွင် ထိုသို့ပေါင်းသင်းရာတွင် ရွှေဘိုသားတို့၏ အကျင့်စရိုက်အား လူတောသားတွေက မကြိုက်။ ကပ်စေးနှဲသည်ဟု ပြောကြသည်။

တစ်နံနက်ဖြစ်၏။

လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် လူတောသားအုပ်စု လက်ဖက်ရည်သောက်နေကြရင်း လက်ဖက်ရည်ဖိုးအား သူပေး၊ ငါပေး ပေးနေကြ၏။





ဤမြင်ကွင်းကို အရှေ့ဘက်စားပွဲမှာ ထိုင်နေသော ကိုထွန်းနိုင် မြင်နေရ၏။

ကိုထွန်းနိုင်က ပြုံးလျက်-

"အင်း… တယ်ဟုတ်ပါလားကွယ်တို့၊ မင်းတို့ကျတော့ သူက ပေးပါရစေ၊ ငါကပေးပါရစေနဲ့၊ ရွှေဘိုသားများကျတော့ ငါပေးပဲ စောင့်နေကြတယ်၊ သူတို့က ပေးရတယ်ရယ် မရှိဘူး"ဟုပြောလျှင် လူတောသားတစ်ဦးက-

"အလိုလေး… ရွှေဘိုသားအကြောင်းတော့ ပြောမနေနဲ့၊ "ငါး"ကြော်တာလို ကုပ်လည်းချိုးရမှ၊ ငါးသီတံလည်း ထိုးရမှ၊ ခါးပိုက်ထဲလည်း ထည့်ရမှ၊ လက်ဝါးနဲ့ အုပ်ထားပါမှ ပေါင်းတဲ့ကောင်တွေကွယ်၊ ဒါမျိုးတော့ ဝေးဝေးက ရှောင်တယ်ဟေ့"ဟု အားပါးတရပြောလိုက်လေသတည်း။

■



## ဟင်းကောင်းမှုကြိုက်သူ

ကိုသန်းတန်သည် အချက်အပြုတ် ဝါသနာကြီးသူ၊ အချက်အပြုတ်ကောင်းသူ။ အထူးသဖြင့် ဟင်းချက်ကောင်းသူအဖြစ် နာမည်ကြီး၏။

ထို့အတူ သူက သူ့ဇနီး၊ သူ့သားသမီးများကိုလည်း သူ့လို အချက်အပြုတ် ဝါသနာပါရန်၊ ဟင်းချက်ကောင်းရန် ကြိုတင်စီစဉ် သင်ကြားပေး၏။

သို့သော် ကိုသန်းတန်၏ မိခင်ကြီးကမူ ဟင်းမချက်တတ်ချေ။

သူတို့က အတူနေ၏။

ကိုသန်းတန် အိမ်သို့ ဧည့်သည်လာလျှင် ကိုသန်းတန်ဇနီးက ဧည့်သည်ကို ထမင်းကျွေးရန် ဟင်းချက်တတ်သလို ယောက္ခမကြီး မီးဖိုချောင်ဝင်မှာကိုစိုးသည်။

ဒါက အကြောင်းမဲ့မဟုတ်။



ကိုသန်းတန်၏ မိခင်သည် မီးဖိုဆောင်သို့ဝင်လျှင် ဟင်းများအား တစ်အိုးပြီးတစ်အိုး မြည်းကြည့်တတ်သလို ဆားစပ်လိုစပ်၊ ရေရောလိုရော လုပ်သွားတတ်၏။

ယင်းသို့ဖြစ်လျှင် ကိုသန်းတန်သည် ဧည့်သည်ပြန်သည်နှင့် ဇနီးကို ဆူပူကြိမ်းမောင်းတတ်၏။

အမေလုပ်တာပါလို့လည်း ပြောလို့မကောင်း။

ထို့ကြောင့် ယောက္ခမကြီး မီးဖိုချောင်ဝင်မှာ စိုးရိမ်ခြင်းဖြစ်၏။

တစ်နေ့။

ကိုသန်းတန်အိမ်သို့ အမဲသားသည်က အမဲသားကောင်းသဖြင့် လာရောင်းသည်။ ကိုသန်းတန်က ဝယ်ကာ သူကိုယ်တိုင် နှပ်ထား၏။

ထိုနေ့က ဇနီးသည်လည်း ကုန်ဝယ်ရန် သူ့ရွာသို့သွားနေသဖြင့် အိမ်တွင်မရှိ။

ဧည့်သည်များရောက်လာသဖြင့် ကိုသန်းတန် ဧည့်ခန်းတွင် ဧည့်သည်များကို ဧည့်ခံရ၏။

အမဲသားအိုးကို သတိရသော်လည်း ဧည့်သည်များနှင့် စကားမပြတ်သဖြင့် သွားမကြည့်နိုင်။

ဟင်းအိုးတွင် ရေနည်းနေပါလိမ့်မည်။

ထို့ကြောင့်-

'အမေ ဟင်းအိုးထဲ ရေနည်းနည်းထည့်လိုက်ပါ' ဟု ပြော၏။



'အေး'

ကိုသန်းတန်မိခင်က မီးဖိုခန်းသို့ဝင်ကာ ရေအား ဒန်ဇလားကြီးနှင့် ခပ်ထည့်၏။

ကိုသန်းတန် ဧည့်သည်များကို ဧည့်ခံသည်မှာ ကြာသွား၏။ စိတ်က ဟင်းအိုးဆီ ရောက်နေ၏။ ဧည့်သည်တို့ ပြန်သွားလျှင် ကိုသန်းတန် မီးဖိုခန်းသို့ အပြေးဝင်ကာ ဟင်းအိုးဆီပြေး၏။ ဟင်းအိုးကို ဖွင့်ကြည့်၏။

'အမယ်လေး…' ဟု အလန့်တကြား အော်လိုက်၏။

'ဟဲ့… ဘာဖြစ်တာလဲ'

'အမေရယ်… ဟင်းအိုးထဲ ရေနည်းနည်းထည့်လိုက်ပါဆိုတာ ဘယ်လောက်ထည့်လိုက်လဲ၊ ဟင်းတုံးကိုတောင် မမြင်ရပါလား' ဟု ပြောပြီးမှ-

'ဒီလောက်တောင် ရေထည့်ချင်ရင်လည်း ရေကန်ထဲ အမဲသားတုံးထည့်ပြီး မီးထိုးကြပါစို့ဗျာ၊ အမေ့ဟာ ဒီအတိုင်းဆိုရင် မဲဇာသစ်တောကြီးဝိုင်းတစ်တောလုံးခုတ်ပြီး မီးဆိုက်လို့တောင် ရေကုန်မှာမဟုတ်ဘူး' ဟု ပြောသည်။ ပြီးလျှင် သားသမီးတို့ဘက်လှည့်၍ 'သားတို့ သမီးတို့ရေ နင့်အမေကြီး ရေခပ်ထားတဲ့ဟင်းအိုး မီးထိုးရအောင် အချိန်ရှိတုန်း တောထဲ ထင်းခုတ်ကြဦး' ဟု အော်၍ပြောလိုက်လေသတည်း။

■



## ရုက္ခစိုး ထုံးပုံပေါ်မှောက်လဲသလို

မလွန်ဆန်လှူအသင်းတော်ခွဲ လှတောရွာသို့ ရောက်လာသောနေ့ ဖြစ်သည်။

အလှူခံအဖွဲ့မှ ဦးသာရင်သည် ကားရပ်လျှင် ကားပေါ်မှဆင်းလိုက်၏။

လှတောသားတွေက ဦးသာရင်ကို သေသေချာချာ စိုက်ကြည့်နေကြ၏။

ဟုတ်၏။

ဦးသာရင်၏ အသွင်သဏ္ဌာန်က ကြည့်လည်း ကြည့်စရာပင်။ အဝတ်အဖြူ၊ လည်ပင်းမှာလည်း စိပ်ပုတီးကြီး ဆွဲထား၏။ အင်္ကျီအဖြူ၊ ပုဆိုးအဖြူနှင့် လက်မှာလည်း တောင်ဝှေးကိုင်ထား၏။ ပိတ်တဘက်တစ်ထည်ကိုလည်း စလွယ်သိုင်းထားပြန်သေး၏။



ထို့ကြောင့် ဦးသာရင်ကို သေသေချာချာကြည့်ပြီး-

'အလိုလေးကွယ်… ဦးသာရင် ဆင်းလာလိုက်ပုံဖြင့် ကိုလေးဖော့မန်ကျည်းပင်က ရုက္ခစိုးဆင်းလာပြီး ထုံးပုံထဲ မှောက်လာပုံပါပဲလား၊ တစ်ကိုယ်လုံး ဖွေးနေတာပဲ ကရို့' ဟု ပြောလိုက်လေသတည်း။

■

## လည်ပင်းဇလုပ် မြိုင်ဖြူဆွဲထားသလားမှတ်ရ

၉၃

သည်မှာက အလှူအတန်းရက်ရောသည်။ ထမင်းရည်ချောင်းစီး စားချင်သလောက်စား။

စားချင်တဲ့သူတွေကလည်း အားမနာတမ်းစားသည်။

သမ်ရွာမှ အလှူတွေကတော့ ဒီလိုမဟုတ်။ သည်ရွာက အစားအသောက်ကြမ်းသည့် ရွာလည်းမဟုတ်။

သည်အလှူက မျက်နှာကြီးအလှူ။

ညှော်ပရိသတ်ကလည်း များမှများ ဆိုရမည်။ ထမင်းကျွေးမနိုင်နင်းမှုကြောင့် မဏ္ဍပ်ထဲ ညှော်ပရိသတ်တွေ ပြည့်ကျပ်နေ၏။

ထိုစဉ် လှတောသားတစ်သိုက် ရောက်လာ၏။

သူတို့က မဏ္ဍပ်တစ်နေရာတွင် စုပြုံ၍ထိုင်နေသည်။

တကယ်ကို စည်လိုက်သည့်ဖြစ်ခြင်း။

ဝက်ဝက်ကွဲမှုပဲဟု ဆိုရမည်။





ထမင်းရှံက လူကို နိုင်အောင်မကျွေးနိုင်သဖြင့် မဏ္ဍပ်ထဲ ပြည့်ကျပ်နေ၏။

ထို့ကြောင့် အချို့က ထမင်းမစားဘဲ ပြန်သွားကြသည်။ ခရီးဝေးသူများကမူ ထမင်းမစားဘဲ မပြန်နိုင်။

ယင်းသို့ မစားမသောက်ဘဲ မပြန်နိုင်သည့်သူများထဲတွင် လှတောသားတစ်စုလည်း ပါသည်။

လှတောသားတစ်ဦးက ထမင်းစားခေါ်သောသူထံသို့ လည်ပင်းတရှည်ရှည်နှင့် လှမ်း၍ လှမ်း၍ ကြည့်၏။

ထိုအခါ လှတောသားတစ်ဦးက-

'ငြိမ်ငြိမ်နေစမ်းပါကွာ… စားရမယ့်အချိန်ကျ စားရပါလိမ့်မပေါ့၊ မင်းဟာ လည်တရှည်ရှည်နဲ့ မျှော်နေလိုက်တာ၊ လည်ပင်းဇလုပ်က မြင်းခြူဆွဲထားမှတ်ရ၊ အသာထိုင်နေစမ်းပါ' ဟု ပြောလိုက်လေသတည်း။

■



## လောက်စာတစ်ရာနဲ့တောင် မပေါင်မခံနိုင်

လှတောသား ကိုလေးမြင့် ပျော်လည်းပျော်သည်။ စိတ်လည်းညစ်သည်။ အဘယ်ကြောင့်ဆိုသော် သူ၏ငယ်ပေါင်း သူငယ်ချင်းတစ်ဦးက သူ ဆင်းရဲသည်ကို သိသဖြင့်-

'ကဲ… ဒီနှစ်ဆောင်းမှာ မြေပဲစိုက်ဖို့ မြေတစ်ဧကငါပေးမယ်' ဟု ပြောသည်။

ဒါက ဝမ်းသာစရာ။

ခက်သည်က ကိုလေးမြင့်အဖို့ မျိုးဝယ်စရာ ငွေမရှိ။ ငွေမရှိ၍ ပစ္စည်းရှိသလားဆိုတော့ ပစ္စည်းလည်းမရှိ။

သူက တကယ်ဆင်းရဲသည်။

မြေတစ်ဧကတွင် မြေပဲစိုက်ပါက အဆင်ပြေမည်ကိုလည်း သိ၏။

ဘယ်လိုလုပ်ရပါ့။

ကိုလေးမြင့် မျက်နှာညှိုးနေလျှင် သူ့ဇနီးက–
'ရှင် ဘာဖြစ်နေလို့လဲ'
'စိတ်ညစ်လို့ပါကွာ'
'ဘာလို့စိတ်ညစ်တာလဲ'
'ကံမကောင်းလို့လေ၊ ရှင်မ စဉ်းစားကြည့်၊ ငါ့ဘဝ ရွှေလှည်း (၉)စီး၊ ငွေလှည်း (၉)စီး ပေးသူရှိပေမယ့် လှည်းခ မရှိလို့ မယူနိုင်ဆိုတဲ့ဘဝ ဖြစ်နေပြီလေ' ဟု ပြော၏။ ထို့နောက် အကျိုးအကြောင်း ရှင်းပြ၏။

'ဟုတ်ပရှင်'

ဟုပြောပြီး စဉ်းစားမိဟန်ဖြင့် 'ရှင့်စက်ဘီးလေးပေါင် လို့ မရဘူးလား' ဟု မေး၏။

'ဟုတ်တယ်… ငါလည်း ဒါပဲ စဉ်းစားနေတာ၊ ကာလပေါက်ဈေးနဲ့ဆို ဒီစက်ဘီးပေါင်ရင် မျိုးစေ့တော့ ဝယ်နိုင် မယ်'

တစ်နေ့။

လှတောသားတစ်ဦးနှင့် တွေ့သည်။

'မင်းက စက်ဘီးပေါင်ချင်တာလား၊ ဘယ်လောက် နဲ့ ပေါင်ချင်တာလဲ' ဟု မေး၏။

'(၃၀၀)လောက်နဲ့ ပေါင်ချင်တာပါ'

ထိုအခါ လှတောသားက–



'အလိုလေးကွယ်… မင်းစက်ဘီးကဖြင့် နွားနို့ပို့တဲ့ ကုလားစက်ဘီးလောက်တောင် မမီဘူး၊ (၃၀၀)မပြောနဲ့၊ ငါဖြင့် မင်းစက်ဘီးကို လောက်စာတစ်ရာနဲ့တောင် အပေါင်မခံရဲဘူး မောင်' ဟု ပြောလိုက်ရာ ကိုလေးမြင့် အလွန်တရာ စိတ်အိုက် သွားရလေသတည်း။

■



## ဆန်ဂိုဒေါင်ပါ သွင်းထားထား

ဆောင်းအေးအေးတွင် သူတို့ ခရီးသွားကြသည်။

ကိုယ်ပိုင်ယာဉ်စက်ဘီးနှင့် သွားသူများက ဆောင်း လေအေးကြောင့် ခြေဖျားလက်ဖျားများ အေးစက်နေသည်။

ကိစ္စမရှိ။ လှတောလမ်းဆုံတွင် လက်ဖက်ရည်သောက် လိုက်လျှင် နွေးသွားသည်မှာ မုချ။

လှတောတွင် လက်ဖက်ရည်ဆိုင် (၅)ဆိုင်ရှိ၏။

လက်ဖက်ရည်ဆိုင်တွင် လူစည်ကား၏။ နံနက်လင်း သည်နှင့် လူတွေအုံနေသည်။

ဟေမန္တဆောင်းလ၏ နံနက်ခင်းဖြစ်သဖြင့် နှင်းတို့ ဖွေးဖွေးကျနေ၏။

နံပြားဖိုက မီးခိုးကလည်း တလူလူ။

လက်ဖက်ရည်ဆိုင်က အလွှာစုံထိုင်သည့်ဆိုင်ဖြစ်သဖြင့် စကားမျိုးစုံ ပြောကြဆိုကြသည်။ တဝါးဝါး တဟားဟားနှင့် ရယ်ကြမောကြသည်။

တကယ့်ကို လူစည်ကားသည့်နေရာ။

စားပွဲဝိုင်းတစ်ခုတွင် လုတောသားနှင့် ကျီးကန်းရွာသားများ ဝိုင်းဖွဲ့နေကြသည်။ လက်ဖက်ရည် သောက်နေကြသည်။

ထိုစဉ် ကျီးကန်းရွာသားက-

'မင်းတို့ ဘယ်သွားမလို့လဲကွယ်၊ လွယ်အိတ်တွေ ဘာတွေနဲ့' ဟု မေးလျှင် လုတောသားတစ်ဦးက-

'ကျွန်တော်တို့ မန္တလေးသွားမလို့ပါဗျာ' ဟု ပြော၏။

'ဘာသွားဝယ်မလို့လဲ'

'အဝတ်အစားလေးပါဗျာ'

ကျီးကန်းရွာသားက ပြုံးလျက်-

'အင်း… ဈေးဝယ်၊ ဈေးဝယ်နဲ့ မင်းတို့ကောင်တွေ ဆန်မှောင်ခိုကုန်ကူးနေတာ ငါသိတယ်နော်၊ မပေါ့ပ်ကြနဲ့' ဟု ပြော၏။

'မကူးရချေပါဘူးဗျာ၊ ကျုပ်တို့က ကင်းလွတ်ကုန် မဟုတ်ရင် ဘာဆိုဘာမှ မရောင်းရဲပါဘူး'

ထိုအခါ ကျီးကန်းရွာသားက-



'တော်စမ်းပါကွာ… ငါ့ကိုလာပြီး ဖြီးမနေစမ်းပါနဲ့၊ ဒါတွေ ငါအကုန်သိပြီးသားပါ၊ မင်းတို့အရင် ငါက ဆန်အိတ် ဆယ်လုံးလောက် စားပြီးသား၊ ငါ့နောက်မှ မင်းတို့ လူဖြစ်တာပါ'

ဟုပြောလေရာ လုတောသားတစ်ဦးက ဇွေခံနဲ့ကြည့်ပြီး-

'အလိုလေးကွယ်… ဗိုက်ခေါင်းကျယ်လို့ ခင်ဗျား ဘာသာ ဆန်ဂိုဒေါင်သွင်းထားထားဗျာ' ဟု ခပ်မာမာပြောလိုက်သတည်း။

■



## ဘောင်းဘီပြင်တိုင်း ဆရာခေါ်ရသူ

လုတောနှင့် လုတောအနီးတစ်ဝိုက်တွင် အစဉ်အလာ တစ်ခုရှိ၏။ ထိုအစဉ်အလာက အခြားမဟုတ်။

စုပေါင်း၍ ဇာတ်ပွဲငှားခြင်းဖြစ်၏။

ထိုပွဲသည် ဘုရားပွဲမဟုတ်။

အလှူမင်္ဂလာပွဲမဟုတ်။

ပျော်ပွဲသက်သက်သာဖြစ်၏။

ယင်းသို့ ပျော်ပွဲလုပ်သည့်အခါ ပျော်ရန်အဓိကထားသည်။ ခိုက်ရန်ဒေါသ မဖြစ်စေရန် လူကြီးတွေက စီစဉ်ရသည်။

ထိုနေ့တွင် အရက်မရောင်းရဟု ပညတ်၏။

ပွဲဝိုင်းတွင် 'မင်းခုတင်' ဆို၍ ခန်းပေါက် ခုတင်အကြီး ကြီးခင်းကြီးခင်းပြီး ကြီးကြပ်သူများ ထိုင်ကြသည်။ ပွဲကို ထိန်းသည်။ စောင့်ရှောက်သည်။

ထိုခုတင်နားတွင် ထိပ်တုံးနှင့် ပွဲခင်းစည်းကမ်းရှိ၏။

ပွဲစည်းကမ်းကား-

၁။ အရက်မရောင်းရ

၂။ အရက်မသောက်ရ (သောက်လျှင်မဆူရ)

၃။ ရန်မဖြစ်ရ

၄။ ဖဲဝိုင်း၊ ဂျင်ဝိုင်း မလုပ်ရ

၅။ ပြည့်တန်ဆာများ မထားရ

(မူး၍ ဆဲသူအား ဤအဖွဲ့မှ ခေါ်ယူထိန်းသိမ်းထားမည်။)

'တုတ်၊ ဓား၊ လက်နက်ဖြင့် သတ်ပုတ်ရန်ကြံရွယ်ခြင်း၊ သတ်ပုတ်ခြင်းများပြုလုပ်ပါက ထိပ်တုံးထဲထည့်ထားမည်' ဟု ရေးထား၏။

ထို့အပြင် ပွဲတိုင်းတွင် ရဲများခေါ်ထားသဖြင့် ရှိနေကြ၏။

□ □ □



ပွဲ၏ ဒုတိယည။

အရက်မူးလာသည့် လူတောသားက ဤခြေမပျက် ပွဲစည်းကမ်းကို သေသေချာချာဖတ်ပြီး-

'အလိုလေးကွယ်.... ဒီနေ့ည ကမယ့်အစီအစဉ်က မညတ်တော်ဆယ်ပါးတဲ့ဟော့' ဟု ဖြေပြီး မင်းခုတင်နားက ခွာသွား၏။

ထို့အတူ ခပ်ထွေထွေဖြစ်နေသည့် လူတောသားတစ်ဦးက ဘောင်းဘီဝတ်သူတိုင်းကို ရဲထင်မှတ်ပြီး မျက်နှာချိုသွေးကာ-

'အား.... ဆရာ နေကောင်းတယ်နော်' ဟု ဆို၏။

သူက ဟိုဘောင်းဘီဝတ်သူလည်း ဆရာခေါ်၊ သည်ဘောင်းဘီဝတ်သူလည်း ဆရာခေါ်၊ ရဲထင်ပြီး ဘောင်းဘီဝတ်သူတိုင်း ဆရာခေါ်နေရ၏။

ထို့ကြောင့် သူ့အဖော် လူတောသားတစ်ဦးက နောက်တစ်နေ့ အပေါင်းအသင်းများတွေ့လျှင်-

'အလိုလေးကွယ်... ရဲလွင်တို့ကတော့ ဘောင်းဘီမြင်တိုင်း ဆရာခေါ်နေတာ၊ တရုတ်မဘောင် ဆရာခေါ်ခဲ့သေးသကွယ့်' ဟု ဖောက်သည်ချ ရင်ဖွင့်ပြလေ၏။

■





## ယုန်သူငယ်ဝပ်ပို့တောင်မကျန်

'ဦးသစ်လွင်... ဦးသစ်လွင်'

ခေါ်သံကြားသဖြင့် ဦးသစ်လွင် ထွက်လာသည်။

'ဘာလဲကွယ့် သူငယ်'

'ဦးနွား သူများပြောင်းခင်းသွားစားမှုနဲ့ သူကြီးက ဆင့်ခေါ်နိုင်းလို့ လာခေါ်တာပါ'

'ဪ... အေး... အေး'

'ဟူး'

ရွာဆော်ပြန်သွားလျှင် ဦးသစ်လွင် သက်ပြင်းချလိုက်၏။

'ခက်တယ်... ငါ့သားတော့ ခက်တယ်' ဟု ညည်းရင်း တဘက်ကလေးတစ်ထည် ခေါင်းပေါင်းပြီး ရွာသူကြီး၏ အိမ်သို့ ထွက်ခဲ့၏။

ရွာသူကြီးအိမ်မှတစ်ဆင့် ကျေးရွာတရားရုံးသို့ သွားရမည်။

❐ ❐ ❐

ကျေးရွာတရားရုံးသို့ အရောက်တွင် ဦးသစ်လွင် တရားခံထိုင်ရန် ခုံတွင် ထိုင်၏။

'ကဲ… လူစုံရင် စလိုက်ရအောင်ပေါ့' ဟု နာယကမှ ပြောလိုက်သည်။

တရားသူကြီးအဖွဲ့ဝင်တစ်ဦးက ဦးသစ်လွင်ကို မျက်နှာတင်းတင်းနှင့်ကြည့်သည်။ ပြီးမှ-

'မောင်သစ်လွင် မင်းနွားက မောင်တင့်ပြောင်းခင်းကို ဝင်စားတယ်လို့ တိုင်တယ်၊ ဒီကိစ္စ ဒီကနေ့ စစ်ဆေးမယ်'

'ဟုတ်ကဲ့'

ဦးသစ်လွင် ခေါင်းငုံ့လျက်။

တရားသူကြီးအဖွဲ့ရှေ့တွင် ကုလားထိုင်တစ်လုံးနှင့် ထိုင်နေသော ကိုတင့်ကို တရားသူကြီးက မေး၏။

'မောင်တင့်ပြောင်းခင်းက ဘယ်လောက်ကျယ်လဲ'

မောင်တင့်က-

'ကျွန်တော့်ပြောင်းခင်းက လင်းတတစ်ထိုးလောက် ကျယ်ပါတယ်' ဟု ဖြေ၏။

တရားသူကြီးအဖွဲ့ နာယကလုပ်သူမှာ မောင်တင့်အား



မျက်မှန်ပေါ်မှ ကျော်၍ကြည့်ကာ အံ့အားသင့်ပုံဖြင့်ကြည့်ပြီး-

'မောင်တင့်ပြောင်းခင်းအရွယ် ဘယ်လောက်ရှိလဲ'

'ကျွန်တော်မျိုးပြောင်းခင်းက ဆဒ္ဒန်ဆင်မင်းတိုးလို့ မြင်ရပါဘူး'

နားထောင်သူတွေ အုတ်အုတ်ကြွက်ကြွက်နှင့် အားလုံး ကြိတ်ရယ်ကြသည်။

'အခု နွားစားသွားတာ ဘယ်လောက်ကျန်သေးလဲ'

'ယုန်သူငယ်ဝပ်ဖို့တောင် မကျန်တော့ပါဘူးခင်ဗျာ'

တရားသူကြီးအဖွဲ့နှင့် တရားလို တရားခံမှ လူများ၊ နားထောင်သူများသည် ဟန်မဆည်နိုင်ကြတော့ဘဲ ဝါးလုံးကွဲအောင် ရယ်ကြလေသတည်း။

■



## ထန်းလျက်လှည်း မိုးမိသလို

တစ်နေ့။

လှတောရွာရှိ ကျေးရွာဝါယမအသင်းစုသို့ စာရင်းစစ်အဖွဲ့ လာရောက်သည်။

'ကျွန်တော်တို့က သမဝါယမစာရင်းစစ်အဖွဲ့ပါ၊ ဒီသမကို စာရင်းစစ်မလို့ပါ'

'ဟုတ်ကဲ့'

ထို့နောက် စာရင်းစစ်အဖွဲ့က စာရင်းစစ်သည်။

တစ်ရက်တည်းနှင့်မပြီး။

နောက်တစ်နေ့ ဆက်ရသည်။

ယနေ့က ဒုတိယနေ့။

လှတောကျေးရွာ သမဝါယမအသင်းတွင် စာရင်းစစ်အဖွဲ့ဝင်များ စာရင်းစစ်နေသည်။ လှတောသားအုပ်စု ဝိုင်းဖွဲ့နေသည်မှ အသံတစ်သံကို ကြားလိုက်ရ၏။

စကားသံ။

လှသောစကားသံ။

'ဟင်း… တို့ရွာ သမဝါယမကတော့ကွယ်၊ ထန်းလျက်လည်း မိုးမိထားသလို ဖွက်ပေါက်နေပြီ၊ စာရင်းကို စစ်မရဘူး' ဟု ပြောလိုက်သံဖြစ်၏။

■

## ဝါးလုံးခေါင်း ဆင်တိုးမှတ်ရ

သူ့ကို မတွေ့တာကြာပြီ။

ထို့ကြောင့် သတိတရ သူ့ဆီသွားရ၏။ သူက ဦးထူးသာဖြစ်၏။ အရင်က လပ်ယားလပ်ယား သွားနေတတ်သော်လည်း ယခု ငြိမ်နေ၏။ ဘာကြောင့်လဲ။

သူ့အိမ်တွင် သူ့ကိုတွေ့သည်။

'ဦးထူးသာ ဒီနှစ်ငြိမ်လှချည်လား၊ ပွပေါက်တိုးပြီး နားနေသလား'ဟု မေးလိုက်လျှင် ခေါင်းကို လေးညင်းစွာ ခါရင်း-

'ပွပေါက်တိုးလို့ မဟုတ်ဘူးဗျာ၊ မနှစ်ကဒဏ်ကြောင့် ကုပ်နေရတာ'

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမလဲ… မနှစ်က ရာသီဥတုမကောင်းတော့ စပါး (၅)ဧကစိုက်မှ (၃)ဧက အနံ့တစ်လစ်နဲ့ မကွ…်ဘူး။





ဒါကြောင့် (၂)ဧကပဲ စားဖို့သောက်ဖို့ရတော့တယ်။ ဂျုံစိုက်ပြန်တော့လည်း နံနှင်းပိုးကျဗျ၊ ကုလားပဲလေး ယာထဲကျဲမိတော့ ကြွက်စားတယ်ဗျာ၊ မနှစ်က ရာသီကြောင့် အခြေယိုင်တာကတော့ ဆိုင်ကလုံးမွှေထားသလိုပါ'ဟု ဖြေ၏။

ပြီးမှ ဆက်၍-

'မပြောချင်ပါဘူး၊ ဒီအထဲမှာ မွဲပါတယ်ဆိုမှ သားသမီးက ဟောတစ်ယောက်၊ ဟောတစ်ယောက်နဲ့ ပဲကြီးရေစိမ်ညှစ်သလို မွေးနေတာ ဆရာရဲ့'

'ဒီကြားထဲ ကလေးတွေကလည်း မမာတော့ ဆေးကုရတယ်၊ ကိုယ်နဲ့ ဆေးဆရာတစ်ယောက် တစ်ဝက်ဝေစားနေရသလိုပဲ၊ ဒီဒဏ်ကို ခုခံနေရတာ၊ ကျပ်လိုက်တဲ့ စီးပွားရေးက ဝါးလုံးခေါင်းထဲ ဆင်တိုးနေသလား မှတ်ရတယ်၊ ဒီနှစ်တော့ စိုက်ခင်းပျိုးခင်းလေးတွေ အဆင်ပြေလို့ ဒီဒဏ်က မကြာခင် လွှတ်မယ် ထင်ပါတယ်ဗျာ'

မနားတမ်း နုတ်သံနှော၍ ပြောသဖြင့် နောက်ဆုံး နှစ်သိမ့်ပြီးပါမှ ပြန်ခဲ့ရသည်။

■



## ဒိုးပတ်ခေါင်း

ကျွန်တော်နှင့် လှတောသားများက ခင်သည်။ အထူးသဖြင့် ဦးလေးငြိမ်းနှင့် ပိုခင်သည်။

ကျွန်တော်က လှတောသို့ရောက်လျှင် ဦးလေးငြိမ်းအိမ်သို့ ဝင်တတ်သလို ဦးလေးငြိမ်းက ဝက်လက်မြို့သို့ရောက်လျှင် ကျွန်တော့်အိမ်သို့ ဝင်တတ်သည်။

အသွားအလာစာရင်းကို တွက်စစ်ကြည့်လျှင် ဦးလေးငြိမ်းက ကျွန်တော့်ထံသို့ အလာများသည်။ ယခု ဦးလေးငြိမ်း မလာသည်မှာ ကြာပြီ။

ဘာဖြစ်လို့လဲ။

ဘယ်သွားနေလဲ။

စသည်ဖြင့် သို့လော သို့လော တွေးနေမိသည်။ စိုးရိမ်စိတ်လည်း ဝင်မိသည်။ လှတောသားတစ်ဦး ရောက်လာလျှင် 'ဘယ့်နှယ် ဦးလေးငြိမ်းတစ်ယောက် မတွေ့ပါလား။ နေကောင်းရဲ့လား။ ဘယ်များ ခရီးလွန်နေလို့လဲ' ဟု မေးပါသည်။



တစ်ခါ လှတောသားတစ်ဦးနှင့်တွေ့တော့-

'ဪ… ဦးလေးငြိမ်းလား၊ သူ ဝမ်းတွေသွားနေလို့ ဘယ်မှမသွားဖြစ်တာ' ဟုပြောသည်။

ဦးလေးငြိမ်း ဝမ်းသွားနေသည်ဟု ကြားတော့ စိုးရိမ်မိသည်။ ထိတ်လန့်ရ၏။ ဝမ်းဆိုးဆိုလျှင် လူကို ဒုက္ခပေးသည် မဟုတ်လား။

ထိုသတင်းကြားလျှင် ညက အိပ်မရ။

နောက်တစ်နေ့စောစောတွင် လှတောသို့ စက်ဘီးတစ်စီးနှင့် ထွက်ခဲ့သည်။

နံနက်မိုးသောက် အလင်းရောက်ပြီ။ မကြာမီ လှတောသို့ရောက်သည်။

လှတောရွာရှိ သူ့ခြံဝသို့ ရောက်သောအခါ-

'ဦးလေးငြိမ်း… ဗျို့… ဦးလေးငြိမ်း' ဟု ခေါ်လိုက်လျှင် ဦးလေးငြိမ်း ထွက်လာ၏။ ဦးလေးငြိမ်း၏ရုပ်သွင်ကို ထင်ထင်ရှားရှား မြင်တွေ့လိုက်ရသည့်အခါ ကျွန်တော် အံ့ဩရသည်။

အဘယ်ကြောင့်ဆိုသော် ဦးလေးငြိမ်းသည် နဂိုရုပ်ပျောက်၍ အသားအရေလည်း ဖြူဖတ်ဖြူရော်ဖြစ်နေသည်။ အရိုးပေါ် အရည်တင်ပြီး ဟင်းရွက်ပြုတ်ကဲ့သို့ နွမ်းနေသည်။

'အလိုလေး… မောင်မင်းမင်းကိုး' ဟု လေသံပျော့ပျော့နှင့် နှုတ်ဆက်၏။



'ဘယ့်နှယ်လဲ… ဦးလေးငြိမ်း ဝမ်းကသွားတုန်းပဲလား'

ဦးလေးငြိမ်းက-

'အခုတော့ ရပ်သွားပါပြီ၊ တစ်နေ့ကတော့ ပြောမပြောချင်ပါဘူး၊ ဝမ်းသွားလိုက်တာ ရေစည်ပိုက်ပေါက် ဖွင့်လွှတ်လိုက်ရ မှတ်တယ်၊ ဆေးဆရာရဲ့ ဆေးကောင်းလွန်းလို့ပေါ့ကွယ်၊ မကောင်းရင်တော့ အခက်ပဲ၊ ဒီလိုသာဆက်သွားနေရင် ဒိုးပတ်ခေါင်းဖြစ်သွားမှာ သေချာတယ်' ဟု ပြော၏။

မည်သို့ဆိုစေ ဦးလေးငြိမ်း ဝမ်းရောဂါသက်သာသဖြင့် ကျွန်တော် ဝမ်းသာရလေပြီ။ ။

■



## ဖိုးသူတော်တောင်ဝှေး

ကျွန်တော် ဦးလေးငြိမ်းအိမ်သို့ ရောက်ပြန်ပြီ။

သည်အခါရောက်သည်မှာ အလည်သက်သက်မဟုတ်။ ကျွန်တော့်အိမ်တွင် ဘုန်းကြီးဆွမ်းကပ် အလှူလုပ်ရန် စီစဉ်ခဲ့ပြီး အလှူကိစ္စတွင် အကူအညီအဖြစ် မောင်မြင့်ကိုခေါ်ရန် ဖြစ်၏။

မောင်မြင့် အိမ်သို့ရောက်လျှင် မောင်မြင့်အမေနှင့် တွေ့သည်။

'အို… မောင်မင်းမင်း' ဟု ဝမ်းသာအားရ ဖက်လဲ တကင်းကြိုဆိုသည်။ 'ထိုင်ဦးနော်' ဟုဆိုပြီး အိမ်ရှင်ဝတ္တရား အရ ဆေးလိပ်တည်၊ ရေနွေးခင်း၊ လက်ဖက်ရည်ဖျော်နှင့် အလုပ်ရှုပ်နေသည်။

ကလေးမကလေးများသည် ကူညီလုပ်ကိုင်ပေးသည်။ မောင်မြင့်ကိုမူ မမြင်ရ။



ထို့ကြောင့် 'မောင်မြင့်တစ်ယောက် မမြင်ပါလား' ဟု မေးရသည်။

မောင်မြင့်အမေက ပြုံး၍-

'ပြဒါးဖမ်းရတာထက် ခက်သေးတယ်၊ အခု ဒီအနား မြင် တော်ကြာ ဟိုးနားရောက်ပဲ၊ အိမ်လုပ်စရာလေးလုပ်လိုက်၊ ထွက်သွားလိုက်နဲ့' ဟု ပြောသည်။

'ဪ… သူက လူငယ်ကိုး၊ ဒါပေမဲ့ သူ ဒီလိုသွား နေလို့ သူ ဘယ်သူနဲ့ ရန်များဖြစ်သလဲလို့ ပူပန်စရာလည်း မလိုဘူးလေ၊ မောင်မြင့်က ရယ်စရာ မောစရာပြောရရင် ကျေနပ်နေသူပါ'

ထိုအခါ သူ့အမေက-

'မောင်မင်းမင်းပြောတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ ရယ်စရာ မောစရာပြောတိုင်းလည်း မကောင်းဘူးလေ'

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမလဲကွယ့်၊ လူ့စိတ်ဟာ မျောက်စိတ်နဲ့တူ တယ်လို့ ပြောတယ်လေ၊ ဒါလည်းဟုတ်တာပဲ'

'ကိုယ့်အကြောင်းနဲ့ကိုယ်ဆိုတော့ ဘာမဟုတ်တာနဲ့ စိတ်တိုချင် တိုတတ်တာ၊ ဒီလို စိတ်တိုနေချိန်မှာ အကောင်းက အဆိုးဖြစ်တတ်တယ်လေ'

'ခင်ဗျားသားက ဒီလောက်မညံ့ပါဘူး၊ လူရိပ်လူကဲ လည်း ခတ်တတ်ပါတယ်၊ ပြီးတော့ သူ့ကိုယ်၌ကလည်း စိတ် ထားညံ့သူမှ မဟုတ်တာ'



သည်တော့ မောင်မြင့်အမေက ပြုံး၍ခေါင်းညိတ် သည်။

'မှန်ပါတယ်… ဒီလို စိတ်ထားညံ့တဲ့အကျင့်တော့ မရှိပါဘူး၊ သဘောလည်းကောင်းပါတယ်၊ အူဖြောင့်ပါတယ်၊ ဖြောင့်လိုက်တဲ့အူမှ ဖိုးသူတော်တောင်ဝှေးကျနေတာပဲ၊ တကယ် ပြောတာပါ'

'ယုံပါတယ်'

'ဒါပေမဲ့ ပြောရဦးမယ်၊ ကိုယ့်သားမို့ ကြွားပြောတာ မဟုတ်ဘူး၊ မောင်မင်းမင်းလည်း သိပါတယ်'

'သိပါတယ်… ,သူက ပျော်ပျော်နေတတ်တယ်၊ သဘောကောင်းတယ်၊ လူလူချင်း စချင်၊ ပြောင်ချင်တယ်'

'မှန်တယ်… ဒါကိုတော့ ကျွန်မ မကြိုက်ဘူး၊ ဒီစတဲ့ အကျင့်၊ ပြောင်တဲ့အကျင့်ကို မကြိုက်ဘူး။ မောင်မင်းမင်းတို့က ရှေ့မှာ ဝါရှစ်ဆယ်ရလိုနေတာ၊ နောက်ကွယ်ရောက်လို့ မိန်းကလေး မြင်ရင် ထန်းလျက်ခဲအနံ့ရတဲ့ ခွေးမျက်နှာလိုလေ'

ဟုပြောရာ ကျွန်တော်က ပြုံးပြီး 'ဒါကတော့ လူငယ် ကိုး၊ စော်စော်ကားကားမဟုတ်ရင် ပြီးတာပါပဲ' ဟု ဖြေပြော ပြောလိုက်စဉ် မောင်မြင့်ရောက်လာသဖြင့် စကားရပ်လိုက်ရ သည်။

■



## ဒေဝဒတ်မြေမျိုတာထက် စိတ်ညစ်သူ

လှတောသားတို့က အလုပ်ကို အမြဲတမ်း စနစ်တကျ လုပ်သည်။ အချိန်အခါနှင့်လုပ်သည်။

လယ်ထွန်ချိန် လယ်ထွန်သည်။ စပါးရိတ်ချိန်တွင် စပါးရိတ်သည်။ နားချိန်တွင် လုံးဝနားနေသည်။ နားနေချိန်တွင် လယ်ကန်သင်းပေါ်၌ အရိပ်ရရန် ကုက္ကိုပင်တစ်ပင် စိုက်သည် မရှိ။

ထို့ကြောင့် ဘာသစ်ပင်မှ မယ်မယ်ရရမရှိ။

ကောက်ရိတ်သိမ်းချိန်ရာသီ ရောက်ခါနီးပြီဆိုလျှင်တော့ ထင်းခုတ်ထွက်ကြသည်။

ဒါက မလုပ်လို့မဖြစ်။ ထင်းက အရေးကြီးသည်။

ယင်းသမို့ လှတောသားတို့သည် သတ်မှတ်ထားသော သစ်တောကြိုးဝိုင်းများအတွင်းသို့ ထင်းအဖြစ် ခုတ်ခွင့်လျှောက်ရသည်။ သစ်တောဌာနက အထိုက်အလျောက် ခွင့်ပြုသည်။



သို့သော် လှတောနှင့် သစ်တောကြိုးဝိုင်းများက နီးသည်မဟုတ်။ ဝေးသည်။ မိုင် (၃၀)ကျော်ဝေးသည်။

ယင်းသို့ သစ်တောကြိုးဝိုင်းသို့ ထင်းခုတ်သွားရာတွင်လည်း လူတစ်ဦး၊ လှည်းတစ်စီးနှင့် စွန့်စားမသွားဝံ့ကြ။ လှည်း လေးငါးစီး စုပေါင်းသွားရသည်။

ဒါက အကြောင်းရှိသည်။

မိမိတစ်ဦးတည်း ထင်းခုတ်သွားက လှည်းကျိုးသော်၊ နွားနိုးသော်၊ သားရဲတိရစ္ဆာန်တို့နှင့်တွေ့သော် အန္တရာယ်များနိုင်သောကြောင့်ဖြစ်သည်။

လှတောတွင် တစ်ဦးကောင်း၊ တစ်ယောက်ကောင်း တောတက်ထင်းခုတ်ခဲ့သဖြင့် ဒုက္ခရောက်ရသည့် သာဓကများလည်း ရှိခဲ့ဖူး၏။

သို့ကြောင့် စုပေါင်းထင်းခုတ်သွားကြခြင်းဖြစ်၏။

သာဓကမှာ ဤသို့ပင်။

ကောက်ရိတ်သိမ်းကာနီး ထင်းတောသို့ အုပ်စုဖွဲ့၍ သွားကြပါလျက် လှတောသား ညိုမောင်ဆိုသူသည် မိုင် ၃၀ ခရီးကို တစ်ဦးတည်း လူစွမ်းကောင်းလုပ်၍ တစ်ဦးတည်း ထင်းခုတ်ခဲ့ဖူး၏။

အချိန်က ည ၁၀ နာရီကျော်ကျော်အချိန်။

အိမ်ရှေ့သို့ ထင်းလှည်းတစ်စီး ဝင်လာသည်။

'ဟာ... လှည်းသံပါလား'

အိမ်ရှင်က လှည်းသံကြား၍ ဓာတ်မီးနှင့်ထိုးပြီး တံခါးဖွင့်သည်။



'ဘယ်သူလဲဟေ့'

မေးလိုက်သည်။

'ကျွန်တော်ပါ... လှတောက ညိုမောင်ပါ'

ဟု ဖြေ၏။

'အို... ထင်းတွေနဲ့၊ ဘယ်လိုဖြစ်တာလဲ'

ထင်းလှည်းပေါ်က ညိုမောင်ဆိုသူက-

'ခုမပြောပါရစေနဲ့ဗျာ၊ တံခါးသာ မြန်မြန်ဖွင့်စမ်းပါ'

'အေး... အေး'

အိမ်ရှင်က ဝင်းတံခါးဖွင့်ပေးသည်။

သူ လှည်းမောင်းလာ၏။

ဝင်းထဲသို့ရောက်လျှင် လှည်းပါချွတ်သည်။

အိမ်ထဲသို့ခေါ်၏။ အိမ်ပေါ်သို့ရောက်လျှင် အချမ်းပြေစေရန် ရေနွေးတိုက်သည်။

အဝတ်အစားလဲစေပြီးလျှင်-

'ကဲ... ပြောပါဦး၊ ဘယ်လိုဖြစ်တာလဲ'

ဟု မေးသည်။

ညိုမောင်က ရေနွေးကို မှုတ်သောက်ရင်း-

'ပြောမပြောချင်ပါဘူး၊ ထင်းတောကတည်းက မိတ့်မိုးများ၊ ရွှေဘိုရောက်တော့ လှည်းပြိုပါလေရော၊ ကိုယ်ကတစ်ယောက်တည်း ဒုက္ခရောက်လိုက်တဲ့ဖြစ်ခြင်း၊ စိတ်ညစ်လိုက်ပုံက 'ဒေဝဒတ်ကြီးမြေမျိုတာ ကျွန်တော့်လောက် စိတ်ညစ်မှာမဟုတ်ဘူး'

အိမ်ရှင်ဇနီးက ပြုံးသည်။

အိမ်ရှင်က 'မင်းတစ်ယောက်တည်းလား၊ အဖော် မပါဘူး'ဟု မေးသည်။

သူက-

'အဖော်ဆိုလို့ ကျုပ်နဲ့နွားပဲရှိတယ်ဗျာ၊ ဒီထဲ မိုးက တဖျင်းဖျင်းရွာသေး၊ ဒီနှစ်ထဲ အိမ်မှပြန်ရောက်ပါတော့မလား လို့ စိုးရိမ်မိတယ်၊ ကိုယ့်ဟာကိုယ် တစ်လမ်းလုံး ဖြစ်သလို လုပ်လာခဲ့ရတာ၊ မိုးမိလို့ ချမ်းလိုက်တုန်လိုက်တာ၊ မဂျမ်းစိန် နတ်ပူးတာထက်သာသေး'ဟု ပြောလေသတည်း။ ။

■

## တုတ်တစ်ချောင်းနဲ့ ကျီးခြောက်ရသလို

လှတောရွာတွင် ဦးပေါက်ဖော်တို့လင်မယားကို လူသိ များသည်။

ချမ်းသာလို့လားဆိုတော့ မဟုတ်။

ဆင်းရဲလွန်းလို့ဆိုလျှင် ရသည်။ လှတောတွင် သူတို့ က အတော်ဆင်းရဲသူများပင်။ တချို့က မဟာဒုတ်တို့ဇနီး မောင်နှံဟု တင်စားခေါ်ကြသည်။

ဟုတ်သည်။

သူတို့ကလည်း တကယ့်ကို ကုသိုလ်ကံအကျိုးပေး နည်းသည့်လင်မယား။

သားသမီးမထွန်းကား။

ပစ္စည်းဥစ္စာမချမ်းသာ။

နေရသည်က တဲကုပ်။





ဝတ်ရသည်မှာ အစုတ်။

စားရသည်မှာ ဝမ်းသုပ်တစ်ဆုပ်။

သို့သော် ကိုပေါက်ဖော်တို့ဇနီးမောင်နှံက မချမ်းသာ သော်လည်း အသက်မှရှည်၏။ အသက်(၇၀)ကျော် နေကြပြီ။ ကျန်းမာရေးကောင်း၏။

ထို့ကြောင့် ဦးပေါက်ဖော်က 'တို့တ ပစ္စည်းဥစ္စာ မချမ်းသာပေမယ့် ကျန်းမာခြင်းဆိုတဲ့ လာဘ်တစ်ပါးကိုတော့ ပိုင်ဆိုင်ပါတယ်'ဟု ပြော၏။

ဦးပေါက်ဖော်က အရက်နည်းနည်းသောက်သည်။

သူက အရက်ကလေး တစ်ခွက်တစ်ဖလားဝင်မှ အလုပ် လုပ်နိုင်သူ။ အရက်မူးပြီး ဆူလေ့ ဆဲလေ့လည်း မရှိ။

သို့သော် မူးလာလျှင်မူ ကတတ်၏။ သီချင်းဆိုပြ တတ်၏။

ယင်းသို့ ဦးပေါက်ဖော့် သီချင်းဆို၊ ကပြသည်ကို ကလေးများက သဘောကျသည်။

ဦးပေါက်ဖော် မူးလာမှန်းသိလျှင် ကလေးများက စကြ နောက်ကြ ပြောင်ကြသည်။ ကြောင်အိုကြီးဖြစ်လို့ ကြွက် မလေးစားတာလားဟု သူတွေးမိသည်။

တစ်နေ့ဖြစ်သည်။

အချိန်က နေ့လယ်ခင်းမဟုတ်သလို ညနေလည်း မဟုတ်။

ဘယ်သူ ပေါက်ဖော်အား အရက်တိုက် မြှောက်ပေးလိုက်သည်မသိ။

ခပ်ထွေထွေနှင့် သမဆိုင်ရောက်လာ၏။

'ဟေ့… မင်းတို့လုံချည်က ဘယ်တော့ရမှာလဲ၊ ပေးဦးမှာလား'ဟု အသံမြှင့်၍မေးသည်။

ဝန်ထမ်းက-

'ခွဲတမ်းပါလာရင် ပေးမှာပါ ဦးလေးဖော်'ဟု ဖြေ၏။

ဦးပေါက်ဖော်က ဟန်ပါပါပြုံးလိုက်၏။

'အိုး…မင်းတို့ခွဲတမ်းက ဘယ်တော့ခွဲပြီး ဘယ်တော့တမ်းမှာလဲ'

'ဒါတော့ ကျွန်တော်လည်း မသိပါဘူးဗျာ'

ဦးပေါက်ဖော်က ပခုံးတွန့်လိုက်ပြီး-

'တကတည်း တို့ကိုများ လူစာရင်းသွင်းကြသေးရဲ့လား၊ ဘာပစ္စည်း ဘာမှမယ်မယ်ရရ၊ ဟုတ်တိပတ်တိ မရဖူးဘူး၊ လုံချည်ဆို ဘယ်လောက်ကြာပြီလဲ'

'အင်း… ပြောပါဦး'

'လုံချည်မရတာ ကြာပြီပဲ၊ ရေလဲတောင်မရှိလို့ ညည တူးမြောင်းထဲသွားပြီး ရေချိုးရတယ်၊ ရှိတဲ့လုံချည်ကလည်း လျှော်ရဖွတ်ရနဲ့ ရိပြီ။ ပုရွက်ဆိတ်တောင် ကျုံကျုံမှာစိုးရတယ်။ ကိုယ်တင်လားဆိုတော့ အိမ်ကမိန်းမဆိုရင် ဆောင့်ကြောင့်များထိုင်ရင် ကိုယ်က တုတ်တစ်ချောင်းနဲ့ ကျီးခြောက်နေရတယ်၊



မင်းတို့ ဒီတစ်ခါ မရလို့ကတော့ကွာ မြို့တက်တိုင်မယ်'ဟု ပြော၏။

ဦးပေါက်ဖော်သည် ခပ်ထွေထွေနှင့် ဆိုင်ထဲသို့ဝင်လာပြီး ဆိုင်တာဝန်ခံကို ဆူပူကြိမ်းမောင်းသည်။

ဦးပေါက်ဖော် ဆူပူကြိမ်းမောင်းသွားသည်ကိုပင် 'အင်း… ဒီကနေ့ ဆိုင်မှာ ပျင်းနေတာ ဦးပေါက်ဖော်လာလိုက်မှ အပျင်းပြေတော့တယ်'ဟု ပြောသတည်း။

■



## စာတိုက်ပိရိုအောက်က ခြူးရုပ်

ဦးကြီးရွှေသည် လှတောရွာ သမဝါယမအသင်း၏ ဥက္ကဋ္ဌဖြစ်သည်။

တစ်နေ့ ဝက်သက်မြို့သို့ လှတောရွာ သမဝါယမအတွက် ခွဲတမ်းများထုတ်ယူရန် သွားရ၏။ ပစ္စည်းထုတ်ယူရန် မြို့နယ်သမဝါယမအသင်းတွင် ခွဲတမ်းများထုတ်ရန် ဘောက်ချာများ ဖြတ်ရသည်။ ဘောက်ချာတစ်ခုထုတ်ပြရင်း-

သမဝါယမခွဲတမ်းစာရေးက-

'ဒီပစ္စည်းက မြောက်ဘက်ဂိုဒေါင်မှာ ထုတ်ရမှာ'

ဟု ပြော၏။

ဦးကြီးရွှေက ခေါင်းညိတ်သည်။

'ဒီပစ္စည်းက နီလာဆန်စက်ဂိုဒေါင်မှာ ထုတ်ရမှာ'

ဦးကြီးရွှေ ခေါင်းညိတ်သည်။

'ဒီပစ္စည်းက မီးရထားဂိုဒေါင်မှာ ထုတ်'

ဦးကြီးရွှေ ခေါင်းညိတ်သည်။

'ဒီပစ္စည်းက တရုတ်တန်းဂိုဒေါင်မှာ ထုတ်'

ဦးကြီးရွှေ ခေါင်းညိတ်သည်။

ပြီးလျှင် 'ပြီးပြီလား' ဟု မေးသည်။

'ဘာဖြစ်လို့လဲ ဦးကြီးရွှေ'

'မင်းကွာ... ဒီကနေ့ မင်းကုန်တွေကို ဂိုဒေါင်အနှံ့သာ လိုက်ထုတ်ရရင် 'ခွေးမဖင်ႊ သစ်ခေါင်းပျားစွဲသလို တရစပ်ပြေးနိုင်မှ အချိန်မီလိမ့်မယ်ကွ'

'ဒါထက် ငါ မင်းကိုဘောက်ချာဖြတ်ကတည်းက သေသေချာချာကြည့်နေတာ၊ ဆံပင်ကြီး ဒီလောက်ရှည်အောင် ထားတာ မင်းကိုယ်မင်း လှတယ်ထင်လို့လား၊ အင်း... မင်းကသာ လှတယ်ထင်တာ၊ ငါဖြင့် မင်းကြည့်ရတာ စာတိုက်ဗီရိုအောက်က ခြူးရုပ်မှတ်တယ်' ဟု ပြောပြီး ဆင်းသွား၏။

ထိုအခါ ရုံးပေါ်မှ ဝန်ထမ်းတစ်ဦးက-

'ဗျို့... ဦးကြီးရွှေ ပြီးသလောက်သာ ထုတ်စမ်းပါ၊ မပြီးလည်း ဝက်လက်မှာ ညအိပ်ပေါ့၊ ခင်ဗျားနဲ့နေရတာ ပျော်လွန်းလို့ပါ' ဟုပြော၏။

ပြောသည်မှာ တစ်ယောက်မဟုတ်။ အများကလည်း ပြောသည်။ အားလုံးက ဦးကြီးရွှေကို ခင်ကြသည်။ သို့သော် ဦးကြီးရွှေကမူ-

'အလိုလေး... မင်းတို့ ဝက်လက်ခြင်က အပ်နဲ့ထိုးသလို နာသကွာ၊ အိပ်လို့မဖြစ်ပါဘူး၊ ပြီးအောင်ထုတ်ပြီး မြန်မြန်ပြန်မှာပါ' ဟု ပြောတတ်သတည်း။ ။

■

## ဆံသဆိုင်ရှေ့ မပြတ်ရဲပါ

မြို့နယ်သမဝါယမအသင်းသို့ စက်ဘီးတာယာများ၊ ကျွတ်များ ရောက်လာသဖြင့် စက်ဘီးပိုင်ရှင်များ ပျော်ကြ၏။

မြို့နယ်သမကမူ ဖြန့်ဖြူးရေးအတွက် အတော်ကလေး **ခေါင်းစားနေကြ၏။** နောက်ဆုံး စက်ဘီးမှတ်ပုံတင်စာအုပ်တွင် **(၂)နှစ်**ကျော်အထိ ပစ္စည်းမရသေးသူအား ဦးစားပေးရောင်းချမည်ဟု လူကြီးများ ဆုံးဖြတ်သည်။

ထို့ကြောင့် သမအသင်းက စက်ဘီးမှတ်ပုံတင် **(၂)နှစ်** ပြည့်ပြီးသူများ တာယာတစ်လုံး၊ ကျွတ်တစ်ခု **ဝယ်ယူနိုင်**ကြောင်း ကြေညာလိုက်၏။

(၂)နှစ်ကျော်သူများ အလုအယက်လာကြရာ **ထိုထဲ**တွင် လှတောသားများလည်း ပါ၏။





လှတောသားတို့ လာချေပြီ။

လှတောသားတို့ စက်ဘီးတာယာ လာထုတ်သည်ကို မြို့နယ်သမအတွင်းရေးမှူးမြင်လျှင် ရုံးပေါ်မှ လှမ်း၍စ၏။

'ဗျို့... ဦးကြိုင် ခင်ဗျား တာယာလာထုတ်တာလား၊ ခင်ဗျားစက်ဘီးကကော သက်တမ်း (၂)နှစ်ကျော်ပြီလား' ဟု မေး၏။

ဦးမြိုင်က-

'ကျွန်တော့်စက်ဘီးက အလောင်းတော် ကဿပဖွား တဲ့နေ့က ထုတ်တဲ့စက်ဘီးဗျ၊ ဘယ်နှစ်နှစ်ရှိပြီတော့ မသိဘူး' ဟု ဖြေ၏။

အတွင်းရေးမှူးက ပြုံး၍-

'တာယာက ကောင်းသေးတယ်မဟုတ်လား' ဟု မေး၏။

ဦးကြိုင်က-

'အလိုလေး... ဆင်းလည်းကြည့်ပါဦး၊ ကျွန်တော့် စက်ဘီးတာယာကဖြင့် ဘဲဥပွတ်ထိုးထားသလိုနေတာ၊ ဆံပင်ညှပ်ဆိုင်ရှေ့တောင် ဖြတ်မသွားရဲဘူး၊ ဆံပင်မွေးဆူးရင် ပေါက်မှာစိုးလို့ပေါ့'

'ဒါဖြင့် တာယာတစ်လုံးရ ကျေနပ်ပြီပေါ့'

'ဘယ်ဖြစ်မလဲ အတွင်းရေးမှူးရယ်၊ အထဲကကျွတ်ကို

သေသေချာချာ ထုတ်ကြည့်ပါဦး၊ နာနတ်သီး ပလာစတာ ကပ်ထားသလား မှတ်ရတယ်၊ အဖာတွေချည်းပဲ၊ ဒါကြောင့် ထုံးစံအတိုင်းပေးပါဗျာ'

ထိုအခါ အတွင်းရေးမှူးက ပြုံး၍-

'ကောင်းပါပြီဗျာ…ကောင်းပါပြီ၊ တောင်းတဲ့အတိုင်း ရရပါစေမယ်'ဟု ပြောလိုက်ရသတည်း။

■

## ဥမ္မာဒန္တီအိမ်ရှေ့ ရောက်နေသလိုပါပဲလား

လုတောရွာတွင် အကောင်းရှိသလို အဆိုးလည်းရှိ၏။ လုတောရွာတွင် အရက်ချက်ရောင်းသူ၊ အရက်သောက်သူများ ခြင်းပင်။

ထိုထက်ဆိုးသည်က လုတောသားတွေ ကားလမ်းဆုံတွင် နေ့စဉ်နေ့တိုင်း နံနက်မိုးသောက် အလင်းရောက်ချိန်မှ ညနေ နေဝင်သည်အထိ မူးကြ၊ ဆဲကြနှင့် အတော့်ကို သရုပ်ပျက်နေကြောင်း နလကဥက္ကဋ္ဌနားသို့ ပေါက်သွားသည်။

ထိုသတင်းကြောင့် လုတောရွာက ဥက္ကဋ္ဌဖြစ်သူ ဦးချစ်အား နလကဥက္ကဋ္ဌမှ ခေါ်လိုက်သည်။

ယခု ရလကဥက္ကဋ္ဌနှင့် နလကဥက္ကဋ္ဌတို့ တွေ့ကြပြီ။

နလကဥက္ကဋ္ဌက-

'ဘယ့်နှယ့်လဲ… ဦးချစ်ရေ၊ ခင်ဗျားရွာက အရက်ချက်ရောင်းသူအကြောင်းတွေက ကျုပ် နားထောင်ရင်း ခေါင်းမူးလာတယ်၊ ဒီလောက်ပေါလား'ဟု ပြော၏။





ဦးချစ်က-

'ဟုတ်ကဲ့ပါ ဗိုလ်ကြီး… ကျွန်တော့်ရွာအကြောင်း ကျွန်တော်သိပါတယ်၊ ကျွန်တော့်ရွာမှာက အရက်မချက်သူဆိုလို့ ကောက်ရိုးနဲ့ နတ်စင်နဲ့ ကျန်တော့တာပါ၊ နေ့တိုင်း သောက်ကြ၊ စားကြနဲ့၊ ညနေတိုင်ပြီဆိုဖြင့် လမ်းဆုံက ရွှေဒေါင်းဆန်စက်ရှေ့ရောက်ရင် 'ဥမ္မာဒန္တီအိမ်ရှေ့ရောက်တဲ့ ပုဏ္ဏားတွေ မှတ်ရတယ်၊ လဲသူလဲ၊ ထိုင်သူထိုင်နဲ့ အဲဒီအချိန် ရဲလာတာမြင်ရင်ဖြင့် ယူကလစ်ပင်စိုက်ထားသလို မှတ်နေတာပါ ဗိုလ်ကြီး' ဟု ပြောလိုက်ရာ နလကဥက္ကဋ္ဌသည် ဟာန်မဆည်နိုင်ဘဲ တဟဲဟဲနှင့် ရယ်လေတော့သတည်း။

■



## နာနတ်သီးစက်သေနတ်မှန်သလားမှတ်ရ

ဝက်လက်မြို့သို့ နယ်ပိုင်ဝန်ထောက်အသစ် ရောက်လာသည်။ သည်တစ်ခါရောက်လာသည့် နယ်ပိုင်ဝန်ထောက်ဇနီးမောင်နှံက ထူးခြားနေ၏။

ပစ္စည်းဥစ္စာလည်း ပြောစရာမလို။

ပညာအရည်အချင်းလည်း ပြောစရာမလို။

သို့သော် ထူးခြားသည်က ရုပ်ရည်သန့်ပြန့်၏။ ခံ့ညား၏။ ရုပ်ချောသည်ဟု ပြောလို့ရသည်။ ရုပ်နှင့်အသံလည်း လိုက်ဖက်သည်။

သို့သော် ဇနီးကမူ ထိုသို့မဟုတ်။

ပိန်သည်။

အရုပ်ရှည်သည်။

အသားမည်းသည်။ သည်အထဲ ပိုဆိုးသည်က ကျောက်ပေါက်မင်တွေ ပါနေသေး၏။



ထို့ကြောင့် နယ်ပိုင်ကြီးတို့ ဇနီးမောင်နှံအကြောင်းပြောကြလျှင် မြင်ရသူအပေါင်းက နယ်ပိုင်ကြီးဘက်မှ နာကြသည်။ မနာလိုတို့ရှည်ဖြစ်ရ၏။

'ဟင်း… ဒီလောက်ခံ့ညားလှပသူက ဒီလို အရုပ်ဆိုးအရုပ်ရှည်ပြီး အိုနေတဲ့မိန်းမကိုရတာ အကြောင်းတစ်ခုရှိမယ်' ဟု ဝေဖန်ကြ၏။

နယ်ပိုင်ကြီး ဝက်လက်မြို့သို့ရောက်ခဲ့သည်မှာ (၂)နှစ်ကြာခဲ့ပြီ။

သည်အခါ မြို့ပေါ်မှ လူများနှင့်သာမက နယ်မှပုဂ္ဂိုလ်များနှင့်ပါ ရင်းနှီးလာသည်။ သိကျွမ်းသူများတွင် လှတောသားများပါ ပါဝင်လာ၏။

လှတောသူများနှင့်လည်း ရင်းနှီးလာသည်ဟုဆိုလျှင် ပို၍ ပို၍မှန်မည်။

တစ်နေ့ လှတောသူ ဒေါ်ခင်ညို နယ်ပိုင်ကြီးအိမ်သို့ လက်ဆောင်ပစ္စည်းများ သွားပေးရင်း ရောက်သွားသည်။ ဒေါ်ခင်ညိုက နယ်ပိုင်ကြီးသာ သိထားပြီး နယ်ပိုင်ကတော်ကို မသိပါ။

ယခုမူ-

ဒေါ်ခင်ညိုသည် နယ်ပိုင်ကတော်နှင့် အချိန်အတော်ကြာ စကားလက်ဆုံကျပြီးမှ ပြန်လာခဲ့၏။

'ဘယ့်နှယ် နယ်ပိုင်ကတော် ချောရဲ့လား'


ရွာသို့ပြန်ရောက်လျှင် နယ်ပိုင်ကတော်နှင့်ပတ်သက်၍



စနည်းနာ၏။ ဒေါ်ခင်ညိုက ပြုံးပြီး နယ်ပိုင်ကတော် ချောကြောင်း၊ လှကြောင်းကို ဤသို့ဖွင့်ဟာ၏။

'အလိုလေး… နယ်ပိုင်ကတော်ဆိုလို့ ချောသလား၊ လှသလား အောက်မေ့တယ်၊ ပိန်လိုက်တာဆိုတာ ထန်းပလစ်ပါးပတ်ထားမှတ်ရ၊ ကျောက်ပေါက်တွေက နာနတ်သီးစက်သေနတ်မှန်ထားသလိုပဲ၊ တွန့်နေလိုက်တဲ့ ပါးရေ အဝတ်ရာရိုက်ချေထားသလား မှတ်ရကွဲ့၊ အသားကလည်း မည်းလိုက်သေး၊ ဩဇာခေ့ သစ်စေးသုတ်ထားသလိုပါပဲ အေရို့ရယ်' ဟုတည်း။





## ဖားပြုတ်မတ်တတ်ရပ်သလို

လှတောရွာသား မောင်စိန်တိုးတစ်ယောက် အမှုဖြစ်သည်။ အမှုက ဓားခုတ်မှုတည်း။

ပထမ မောင်စိန်တိုး အဖမ်းခံရ၏။

သို့သော် နောက်တော့ နှစ်ဦးနှစ်ဖက် အပြန်အလှန် တရားစွဲဆိုမှုဖြစ်သည်။

တရားရုံးတွင် နှစ်ဖက် ရှေ့နေငှားကြ၏။

ထိုအထဲတွင် သက်သေပါသူ ဦးမြအေးဆိုသူက ပျော်ပျော်နေတတ်သည့် လူရွှတ်လူနောက်တစ်ဦးဖြစ်၏။

အမှုကို နှစ်ဖက်ကြားနာရာ ရုံးချိန်း (၇)ခါရှိသွားပြီဖြစ်၏။ ယခုအပတ် ဦးမြအေးကို ချိန်းသည်။ ဦးမြအေးက တရားလိုပြသက်သေ နောက်ဆုံးလူဖြစ်၏။



ယခင်ရုံးချိန်းများ၌လည်း ဦးမြအေး လိုက်ပါလာခဲ့ခြင်းမရှိခဲ့။

ဦးမြအေး ယခင် တရားသူကြီးများလက်ထက်က ရောက်ခဲ့ဖူးသလို ယခုတစ်ခါ ရောက်ရပြန်ပြီ။

ထို့ကြောင့် ရုံးအကြောင်းကို အထိုက်အလျောက် သိ၏။

ရုံးသို့ရောက်လျှင် ဘီလစ်ထုံးသို့ ရောက်ကြောင်း သတင်းပို့သည်။ ပြီးတော့ ဘီလစ်နှင့် စကားပြောရင်း အတော်ကြာ စကားလက်ဆုံကျခဲ့၏။

တရားသူကြီး ရောက်လာပြီ။

ယင်းသို့ တရားသူကြီးရောက်လာသည်နှင့်တစ်ပြိုင်နက် မောင်စိန်တိုး၏ အမှုကို စတင်စစ်ဆေးမည်။

မောင်စိန်တိုးကို လက်ထိပ်ကြိုးနှင့် ရုံးထုတ်လာပြီး တရားသူကြီးရှေ့သို့ ပို့သည်။ တရားခံနေရာတွင် ထိုင်စေသည်။

အမှု စ,စစ်ပြီ။

လိုပြသက်သေအဖြစ် ဦးမြအေးအား စစ်ဆေးသည်။

ဤကဲ့သို့ပင် ရှေ့နေများမှ ဦးမြအေးအား အပြန်အလှန် မေးမြန်းသည်။ ခက်သည်က ဦးမြအေး ဒါကို စိတ်မဝင်စား။


တရားသူကြီး၏ ရုပ်လက္ခဏာကိုကြည့်ကာ စိတ်ဝင်စားနေ၏။



တရားရုံးမှ ထွက်လျှင်-

"အလိုလေး… တရားသူကြီးဆိုလို့ ခံ့ခံ့ညားညား ချောချောမောမောကြီးလား မှတ်ရ၊ မျက်လုံးပြူး၊ ဗိုက်ကား၊ အသားမည်း၊ ဖင်ရှုံ့နဲ့ ဖားပြုတ် မတ်တတ်ရပ်နေ မှတ်ရ သကွယ်" ဟု ပါလာသူများအား အားပါးတရ ပြောလိုက်လေသတည်း။





## မျော့...ကို ခြုံဆွဲပေးသလို

အလှူပွဲတွင်ဖြစ်စေ၊ မင်္ဂလာပွဲတွင်ဖြစ်စေ၊ ဘာသာရေး၊ ပွဲလမ်းသဘင်များတွင်ဖြစ်စေ ကလေးတွေ တရှုန်းရှုန်းရှိစမြဲ။ ရယ်ကြ၊ ညံကြ၊ ဆော့ကြစမြဲ။

အလှူပွဲတွင်ဖြစ်စေ၊ မည်သည့်ပွဲတွင်ဖြစ်စေ ဓာတ်စက်သံကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ကလေးတွေ ရောက်လာတတ်သည်။

သူတို့အချင်းချင်း၊ စကြသည်။

သူတို့အချင်းချင်း၊ နောက်ကြသည်။

ပြီးတော့ သူတို့ ပြေးတမ်းလိုက်တမ်း၊ ကစားကြသည်။



အချို့ ကလေးတွေက အသံချဲ့စက်မှ သီချင်းသံနှင့်အတူ အော်ဟစ်လိုက်ဆိုကြသည်။ ဝိုင်းဖွဲ့၍ ကကြသည်။ အလှူအိမ်ဆိုလျှင် အလုပ်ရှုပ်သည်အထိ သူတို့ကို ရှောင်ရတိမ်းရသဖြင့် သူတို့အား အော်ရ၊ ငေါက်ရသည်မှာ အလုပ်တစ်ခုလို ဖြစ်နေသည်။

ကလေးများက ဆူတုန်းငေါက်တုန်း ပျောက်သွားသည်။

သူတို့က လူကြီးတွေ ဘာပြောနေနေ သူတို့ ဆူရဆော့ရပြီးရော သဘောတွေကြသည်။ ဘာကြောင့်ဆိုတာ သူတို့ နားမလည်ကြ။

ဒီကနေ့က လှတောရွာသား ကိုစံဖျောအလှူနေ့ ဖြစ်သည်။ ညတွင် နိဗ္ဗာန်ရောက်ကြောင်း ဟောပြောပွဲတရားပွဲရှိသည်။ တရားဟောမည့် ဆရာတော်ကလည်း နိုင်ငံကျော်ဆရာတော်ဖြစ်သည်။

တရားပွဲမစသေး။

တရားပွဲမစမီ အသံချဲ့စက်ဖွင့်သည်။ အသံချဲ့စက်သံနှင့်အတူ ကလေးများ၏ ပြေးလွှားအော်ဟစ် ဆူညံသံက တရားမဏ္ဍပ်အတွင်း ညံစီနေ၏။

တရားနာမည့် လူကြီးအချို့ ရောက်လာကြသည်။

အလှူဒါယိကာက တရားနာပရိသတ်အား ရေနွေး



ကြမ်း၊ ပဲလှော်နှင့် ဧည့်ခံသည်။

ကလေးတွေကလည်း ပျောက်ရှုံးအောင်ဆော့ပါ။

သူတို့ ဆော့လွန်းသဖြင့် လူကြီးတွေက-

"ကလေးတို့ ဒါ မင်းတို့နဲ့ မဆိုင်သေးဘူး၊ ဒီညဘုန်းကြီးတရားဟောမှာ၊ မနက်ဖြန်ကျမှလာခဲ့ကြနော်၊ ကလေးတို့ လိမ္မာပါတယ်" ဟု ချော့ပြောသည်။ မရ။

သူတို့က ဆူမြဲဆူသည်။

ဆော့မြဲဆော့သည်။

တရားပွဲစရန် အချိန်ကလည်း နီးကပ်လာပြီ။

ဆရာတော်ကလည်း ကြွလာလုပြီ။

"အင်း… ဒီအတိုင်း လွှတ်ထားလို့ကတော့ မရတော့ဘူး"

တစ်ဦးက ပြောသလို၊ တစ်ဦးက-

"ဘာလုပ်မလို့လဲ"

"ဒီကောင်တွေက ချော့လို့မရဘူး၊ ခြောက်မှရတော့မှာ၊ ဦးစစ်ကြည်လက်အပ်မှ ရတော့မှာ" ဟု ပြောမှ ရှင်းသွားသည်။

မကြာမီ ဦးစစ်ကြည်လည်း ရောက်လာ၏။ ဦးစစ်ကြည်က ရောက်လာသည်နှင့်တစ်ပြိုင်နက်-

"ဟဲ့… ကလေးတွေ၊ တရားမဏ္ဍပ်ထဲ လာမဆူကြ

နဲ့၊ မသွားဘူးလား သွားမှာလား'

ဟု ပြောပြီးမှ 'အလိုလေးဟာ… တက်တာည်းမှပဲ မျောက် ခြူးခွဲပေးထားမှတ်ရ၊ ဆောလိုက်ကြ ရှုလိုက်ကြတာ လွန်ရောဟဲ့' ဟု ပြောလိုက်လေသတည်း။

■

## အာခေါင်ငရဲမီးနှင့် ထိုးလိုက်သလို

ရွှေကျင်ရွာသို့ ကျွန်တော်ရောက်ခိုက် အဖြစ်အပျက် တစ်ခုကို ကြုံတွေ့ခဲ့ရသည်။

ထိုအဖြစ်က ကျွန်တော့်မိတ်ဆွေ ကိုမောင်မောင်ဆင့် အိမ်တွင် ပြုလုပ်သည့် အလှူပွဲတွင်ဖြစ်၏။ ကိုမောင်မောင်ဆင့် အလှူက ပကာသနမဖက်ဘဲ သူ့အိုးနှင့်သူ့ဆန် တန်ရုံအမှန်ပင်။

သည့်မှာက ထုံးစံအတိုင်း (မြို့ရွာထုံးစံ) အလှူမပြု လုပ်မီ တစ်ရက်တွင် လူရင်းများရောက်လာကြသည်။

ညပိုင်းတွင် တည်းခိုအိမ်မှ အလှူအိမ်သို့ သွားကြ၏။ အလှူအိမ်၏ မဏ္ဍပ်တွင် ဆိုင်းပွဲနှင့် လူရှုပ်နေသဖြင့် အိမ်ပေါ် သို့ခေါ်သည်။

အိမ်ပေါ်သို့ရောက်လျှင် ဧည့်ခံမုန့်များနှင့် ဧည့်ခံသည်၊





သို့နှင့် မကြာမီ ရပ်ရွာမျက်နှာဖုံးလူကြီးများ ရောက် လာသည်။

တစ်ယောက်တစ်မျိုး စကားတွေပြောကြသည်။

ထိုစဉ် လူရှုတ်တစ်ဦး ရောက်လာ၏။ မလှမ်းမကမ်း တွင် ထိုင်သည်။

လက်ဖက်ရည်နှင့်သောက်သည်။

ထို့နောက် ချင်းသုပ်ကို ရေနွေးနှင့်သောက်စားသည်။

ချင်းသုပ်က အတော်စပ်ပုံရ၏။

ချက်ချင်းရေးလိုက်ပြီး-

'အလိုလေး… ချင်းသုပ်နှယ် စပ်လိုက်ရှာလေကွယ်၊ အာခေါင် ငရဲမီးနဲ့ ထိုးလိုက်မှတ်ရကွယ်' ဟု ပြော၏။

ကျွန်တော် ပြုံးလိုက်မိသည်။ 'ဪ… သူက လူတောသားကိုး' ဟု ရေရွတ်လိုက်မိ၏။

■



## အရောင်အဝါမဲ့သူ

တစ်ခါက-

လူတောရွာတွင် မိန်းမခိုးမှုတစ်မှုဖြစ်သည်။

ထိုအမှုတွင် မိန်းကလေးဘက်မှ ဆွေမျိုးအားကောင်း၏။ ပစ္စည်းဥစ္စာပေါ၏။ မိန်းကလေးက မိန်းမချောကလေးဖြစ်ပြီး သူကြီးဟောင်းကူမဖြစ်သည်။

သို့သော် ယောကျ်ားကလေးဘက်ကမူ မိန်းကလေးဘက်နှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ပစ္စည်းဥစ္စာ အထိုက်အလျောက်ရှိသည်ဆိုသော်လည်း ဆွေမျိုးအားနည်းသည်။

ယောကျ်ားလေးရုပ်ရည်ကမူ ယောကျ်ားပီသရုံပင်။

ပြီးတော့ သူကလည်း သူကြီးဟောင်းနှင့် ဆွေမျိုးဆက်နွယ်သည်။ သို့သော် မိန်းကလေးကဲ့နှစ်ယောက် ရင်းနှီးမှုမရှိ။



တရားခွင်တွင် ထူးခြားမှုက မိန်းကလေးနှင့်ပတ်သက်သည်။ သူက မကြိုက်ဘူးဟု မငြင်းဆန်သလို ကြိုက်သည်ဟုလည်း ဝန်ခံခြင်းမရှိ။

မိန်းကလေးတို့ဘက်ကမူ လုံးဝသဘောတူခြင်းမရှိ။ ပထမ ရွာလူကြီးများက မိန်းကလေးဘက်သို့ ဝင်ရောက်ဖေ့စပ်ပေးသည်။

လုံးဝလက်မခံကြ။

သူကြီးဟောင်းကလည်း လက်မှိုင်ချသည်။ သို့ဖြင့် တရားရုံးသို့ ရောက်ခဲ့ခြင်းဖြစ်၏။

ယခု အမှုရင်ဆိုင်ရပြီ။

တရားခွင်စပြီ။

သူကြီးက ဦးဖိုးကွန်းကို စတင်စစ်သည်။

ဦးဖိုးကွန်း တရားခံဖြစ်သူ ဘသွင်ရယ် အခုလိုမိန်းကလေးကို ခိုးဖြစ်တာ ခင်ဗျားအရောင်အဝါနဲ့ ခင်ဗျားမြှောက်ပေးလို့ ခိုးရတာလို့ မိန်းကလေးဘက်က ပြောတယ်၊ အမှန်လား

သူကြီးဟောင်းက-

ကျွန်တော်မျိုး မြှောက်ထားရရင် ဟိုတုန်းက သူကြီးအဖွဲ့ဘက်ဆိုရင် ဖြစ်နိုင်ပါတယ်၊ ယခုတော့ သူကြီးဖြုတ်ခံရတော့ အရောင်အဝါဆိုလို့ စက်သားလေးဘက်မှ မရှိပါဘူးဘုရား၊ ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်မျိုးကြီးကို မစစ်စေချင်ပါဘူး၊ ဟိုဘက်က တူမ၊ သည်ဘက်က တူတော်နေလေတော့ ဘယ်သူ



ဘက်မှ လိုက်မထွက်ချင်ပါဘူး၊ အခု တရားသူကြီးမင်းရှေ့ထိုင်နေရတာကိုက ကိုင်းပန်းကန်နဲ့ လက်ဖက်ရည် သောက်ရသလို မျက်နှာပူလိုက်တာ ဘုရား' ဟု ပြော၏။

သို့သော် တရားရုံး၏ ထုံးစံအတိုင်း အမှုစစ်ကမေးလိုက်၊ ရှေ့နေက မေးလိုက်နှင့် ဖြေလိုက်ရသည်မှာ မောနေ၏။

ရက်ချိန်းပေးပြီး တရားခွင်က ထွက်လာမှ သက်ပြင်းရှိုက်ပြီး-

'အလိုလေး… မမေးပါနဲ့လို့ ပြောတဲ့ကြားက မေးလိုက်ကြလေကွယ်၊ လူကို ကြေးစည်နှက်လိုက်သလို ချာချာလည်နေတာပဲ' ဟု ပြောလိုက်လေသတည်း။

■

## ဆီမှုတ်ခွေးချီလာသလို

ရေထွက်ရွာနှင့် လှတောရွာက နှစ်မိုင်ခန့်ဝေးသည်။

ထိုရေထွက်ရွာမှ လူကြီးများသည် ဝါသနာအလျောက် ဖဲရိုက်၊ ကတ်ရိုက်၊ သုံးပုံရိုက်သည့်အလေ့ စွဲနေကြသည်။

တစ်နေ့ လှတောရွာမှ လူတစ်သိုက် ရေထွက်ရွာရှိ ကိုဘကျော်၏ နေအိမ်သို့ ရောက်လာရာ အပျော်တမ်းဖဲဝိုင်း တစ်ဝိုင်းဖြစ်သွားသည်။

ရေထွက်ရွာသည် ကားလမ်းဘေးရွာဖြစ်သဖြင့် မြို့နယ်လူကြီးများ မကြာခဏ ဝင်ထွက်လေ့ရှိသည်။ နယ်လှည့် ရဲများလည်း မကြာခဏ ရောက်လာတတ်၏။

ထိုနေ့က ရဲနှင့်တိုး၍ ကိုဘကျော်အိမ် ဖဲဝိုင်းကို ဝင်ဖမ်း၏။

အမှန်မှု သူတို့က ဝါသနာအလျောက် ရိုက်ကြခြင်း



သာဖြစ်၏။ ဖမ်းလားဆီးလား လုပ်မှာကိုမူ ကြောက်ကြ၏။

ဟုတ်သည်။

သူတို့က အလုပ်အားချိန်ပျင်း၍ အချိန်ဖြုန်းသည့် သဘောနှင့် ငါးပြား၊ ဆယ်ပြားတမ်း ရိုက်ကြခြင်း ဖြစ်၏။ အရေးယူလာမည်ကိုမူ အလွန်ကြောက်၏။

ထို့ကြောင့် ဖမ်းလာလျှင် မိမည်စိုးသဖြင့် ပြေးကြသည်။ ယင်းသို့ ပြေးကြသူများထဲတွင် ဦးဘကျော်နှင့် ဦးခင်လည်း ပါ၏။

ရွာအရှေ့ဘက် ဂျုံခင်းဆီသို့ ရောက်သွားသည်။

ဦးဘကျော်က ဆေးတံကြိုက်သူပီပီ၊ ဆေးတံကြီးခဲလျက် ဦးခင်က-

'မပြေးကြနဲ့'ဟု အော်ပြော၏။

ထို့နောက် 'ဟ… အရှေ့ဘက်မပြေးကြနဲ့၊ ဒီဂျုံခင်းထဲမှာ ပြေလုံးငှက် နေစုတ်သလိုဖြစ်အောင် ဝပ်ကြစမ်းပါဟ' ဟု ဆို၏။

'အလိုလေး… ဘကျော်ရာ၊ ပြေးရာလွှားရာလည်း ဆေးတံကြီးတစ်ခဲနဲ့ မင်းဟာက 'ဆီမှုတ် ခွေးချီလာမှတ်ရ၊ ချထားစမ်းပါဦးဟ၊ မီးလည်း ငြိမ်းထားစမ်းပါဦးဟ၊ နံပါတ်(၉)စက်ခေါင်းတိုင်က မီးခိုးထွက်နေ မှတ်ရကွာ၊ ခက်လိုက်လေ'ဟု ပြောလိုက်ရာ ပုန်းနေသူများ အသံမထွက်အောင် တခွီးခွီးရယ်ကြလေသတည်း။

■

## ရှိမှကား ငါးဆားနယ်မျက်လုံးလို

ဝက်လက်မြို့က အိမ်ခြေပေါင်း (၈၀၀)ကျော်ရှိသည်။ ဝက်လက်မြို့နေ လူထု မီးသုံးစွဲရန် ပေးထားသည့် မီးစက်သည် အလွန်ကောင်းပြီး ပြတိုက်ပို့ထားကောင်းသည့် အမျိုးအစားဖြစ်၏။

ထို့အပြင် စက်က ဟောင်းနွမ်းပြီး မီးသုံးစွဲသူများသဖြင့် စက်အား မနိုင်မနင်းဖြစ်ပြီး စက်မကြာခဏပျက်သည်။ စက်ပစ္စည်းကလည်း ရှားသဖြင့် ရာရာပစ္စည်းနှင့် ပြင်ဆင်သုံးစွဲရသည့်အတွက် စက်သံက (၃)မိုင်လောက်က ကြားနိုင်လောက်သည်။

ယခုမူ အပျက်အစီးသက်သာစေရန် ကြာရှည်အသုံးပြုနိုင်ရန် တစ်နေ့ (၆)နာရီသာ မောင်းတော့၏။ မီးကို ည(၆)နာရီမှစ၍ ည (၁၂)နာရီထိ မီးလာသည်။

တစ်နေ့-

လှေတော်သားတစ်သိုက် ဘယ်ကလာ၍ ဘယ်သွားကြသည်မသိ။ အစုလိုက် အနောက်မှ အရှေ့သို့ သွားသည်။ လက်ဝဲသုန္ဒရလမ်းမကြီးပေါ် လျှောက်လာကြသည်။

အားလုံး ခပ်ထွေထွေဖြစ်နေပုံရ၏။

အချိန်က ညနေ (၆)နာရီခန့်။

ဓာတ်တိုင်များတွင် မီးလင်းနေပြီ။

တစ်ဦးက သေသေချာချာကြည့်လျက်-

'မြည်လိုက်တဲ့ မီးစက်၊ အဝီစိကတောင် ကြားရလောက်တယ်၊ လင်းတော့လည်း ရှိမ္ဗကာ ငါးဆားနယ် မျက်လုံးလောက် လင်းတယ်ကွယ်၊ အတော်ခေတ်မမီတဲ့ မြို့ပဲ ဟေ့' ဟု ပြော၏။

■

## လှေတော်သား စကားစု

၁။ 'ဟုတ်တယ် ဦးလေး၊ ရန်ဖြစ်ကုန်တာဗျာ၊ အတော်ဆိုးတဲ့ လူတွေဗျာ၊ အာဠာဝကဘီလူး အရက်တိုက်ထား မှတ်တယ်၊ ကြမ်းလိုက်၊ ရမ်းလိုက်ဆိုတော့ ကားကြီးလည်း ဗိုင်းထုထားကြတာ၊ မီးခြစ်ဘူး ဖနောင့်နဲ့ ထပေါက်ထား မှတ်ရ'

၂။ 'အလိုလေး… မီးခြစ်ဘူးမပြောနဲ့၊ ငါဖြင့် ဗီပါခွံတောင် မမြင်ခဲ့ဘူး၊ လူဖြင့် ပြေးလိုက်ရတာ၊ သိန္ဓောမြင်းက အရှုံးပေးရလိမ့်။

၃။ 'အလိုလေး… ဦးလေး၊ ရဲဖြင့် ဆန်ခါစိပ်နဲ့ရှာလို့တောင် တွေ့မှာမဟုတ်ဘူး'

၄။ 'အလိုလေးကွယ်… ဗိဿကတ်သုံးပုံ ပျောက်နေပါတယ် အောက်မေ့နေတာ၊ ဒီကားပေါ် ရောက်နေသကိုးကွယ့်'



၅။ 'အလိုလေး… ကားနှယ်ကွယ်၊ မောင်းလိုက်ရှာလေ၊ ကျည်ဆန်ထိပ်ဖူးပေါ် ထိုင်လိုက် မှတ်ရတယ်။

၆။ 'အလိုလေးဟ… ဆေးလိပ်နှယ် ခဏခဏ မီးငြိမ်းနေတာကိုကွယ်၊ ရေခဲချောင်းများ ထည့်လိပ်ထားသလား မှတ်ရတယ်'

၇။ 'အလိုလေးကွယ်… တို့ဆရာ ပြောင်းဖူးဖုတ်ပြုတ်စားနေလိုက်ပုံကဖြင့် ဘာဂျာမှုတ်နေရသကွယ်'

၈။ 'အလိုလေးကွယ်… ညက်ညောလိုက်တဲ့ အမျိုးသမီး၊ အောက်က မုန်လေမွှေထိုးထားလို့ ကျိုးမှာမဟုတ်ဘူး'

၉။ 'ကျန်တယ်… ကျန်တယ်၊ အတော်အကုန်အကျခံတဲ့ အလှူမဏ္ဍပ်နောက်ဖေးမှာ ဟင်းဒယ်တွေ လောက်စလုံး လှန်းထားသလား မှတ်ရတယ်'

၁၀။ 'အလိုလေး… ငန်လိုက်တာဆိုတော့ ထမင်းစားပြီးကန်ဘောင်ရိုးမေးတင် ရေသောက်နေရလိမ့်၊ စပ်လိုက်တဲ့ ငရုတ်သီး၊ ထမင်းရုံကထွက် လေချွန်လာရတာပဲ၊ အရိုးကလည်း များလိုက်ဆိုတော့ အပ်ထုတ်ဖြေချထားသလို ဆရာရဲ့'

၁၁။ 'အလိုလေး… မင်းရေကဖြင့် ဓီးခဲပေါ် ယင်နားသလောက်မှ မကြာလှဘူးကွယ်'



၁၂။ 'ဟုတ်တယ် ဆရာ၊ ရေပေးတာကလည်း ခဏလေး၊ မိုးခေါင်လို့ ပျိုးထောင်ဖို့တောင် ခက်နေတယ်၊ တစ်နေ့က ကျုပ် ပျိုးခင်းသွားကြည့်တယ်၊ ပက်ကြားအက်ထဲ မီးခြစ်ဖူးကျသွားတာ နောက်တစ်ခေါက် တစ်ရက်လောက်နေမှသွားတာတောင် တချောက်ချောက်နဲ့ ပက်ကြားအက်ထဲကျနေသံ ကြားရတုန်းရှိသေးတယ်'

၁၃။ 'ရေချိုးလိုက်ကြတာ၊ တူးမြောင်းကို ပက်လက်လှမ်းထားမှတ်ရ'

၁၄။ 'ဒီအကျိုးအပေါက်တွေသာ ခုန်ကျော်နေရင် ဟာနုမာန်လောက် တန်ခိုးရှိမှ ခုန်ကျော်နိုင်မှာ ဆရာ'

၁၅။ 'ကျုပ်တို့ရွာ စီးပွားရေးကျပ်တာကတော့ ဝါးလုံးခေါင်းထဲ ဆင်တိုးနေသလား မှတ်ရတယ်'

၁၆။ 'စပါးရဖို့နေနေသာသာ ဆရာ့နှယ် ကောက်ရိုးတောင် ကြက်မဝပ်ဖို့မရှိဘူး'

၁၇။ 'မျက်နှာကျောက်ပေါက်မာတွေနဲ့ လိမ်းထားလိုက်တဲ့ မိတ်ကပ်၊ ပုတတ်ကျောကုန်းမှတ်ရ၊ အသားကလည်း နှင်းကျိုးထောင်တဲ့ ကုလားမအသားမျိုး၊ နက်ပြာပြာနဲ့၊ နှာခေါင်းကလည်း ဒူးမောင်းလို ကောက်လို့၊ မျက်လုံးကလည်း ရွာဆိုးကုန်းကျင်းထဲ ကျနေတဲ့ စကျင်ကျောက် မှတ်ရ'

၁၈။ 'စားပြီးအိပ်၊ အိပ်ပြီးစားနဲ့ ကျောက်ခေတ်က မျက်နှာ' မျိုး၊ ဗိုက်က ဇုံကော၊ အခေါင်းက ငါးတင်းသင်ပုတ် လောက်နဲ့ ဦးနှောက်ကျတော့ ဗိန္ဓောဆရာကပေးတဲ့ နှာလောက်မှ မရှိဘူး'

၁၉။ 'ငြိမ်ဆိုတဲ့ မင်းသမီး၊ မျောက်လောက်တော့ ဆော့ သေးတာမို့'

၂၀။ 'စားလိုက်ကြလေ'အရို၊ ဖွန်းသံ၊ ပန်းကန်သံတွေကို ကျွဲခတ်နေမှတ်ရ၊ တော်တော့ တော်တယ်ဗျာ၊ ဘာနဲ့ ကျွေးကျွေး အားပါးတရစားတာပဲ၊ ဦးဆို ဖဲထီး ကိုင်း ဖွင့်ထားမှတ်ရ၊ ဗိုက်လေထိုးတာတောင် ဒါလောက် တင်းမှာမဟုတ်ဘူး'

၂၁။ 'အလိုလေးကွယ်… ဆေးခန်းကလည်း ကျယ်လိုက် ရှာကွယ်၊ ဆင်လင်မယား ကျွမ်းထိုးဝင်လို့ရတယ်၊ ဆေးခန်းက ကျယ်သာကျယ်တာကွယ်၊ ဆေးဆိုလို့ နှစ်ခွင်းမှုန့်တောင်မရှိဘူး'

၂၂။ 'အလိုလေး… ချဉ်လိုက်လေကွယ်၊ ပါးပိတ်ရိုက် လိုက်မှတ်ရ'

၂၃။ 'လူမှိုလို့ပေါ့ကွယ်၊ ကောက်ရိုးဆိုရင် မှိုတောင်ပေါက် လောက်ပြီ'

၂၄။ 'အလိုလေးကွယ်… နှီးလိုက်ရတာ၊ အတော်အအိပ် ကြီးသကိုး။ (ဒါပေါ့ကွယ်၊ မောဟိုက်ကုမ္ပဏီက



ထွက်တဲ့ ဆွန်းတင်းအမျိုးအစားဆိုတာ ဒီကားပေါ့'

၂၅။ 'တို့ရွာမြောက်ပိုင်း ကာလသားတွေက ရုံပုံငွေပေါ တော့ ပြင်လိုက်ကြတဲ့ ဘုရားတွေဖွေးလို့ ပုဂံပြည် မှတ်ရတယ်။ တောင်ပိုင်းကာလသားတွေကျတော့ ဒီဋ္ဌီ ဇွေးနေ ပြုတ်နေတာတောင် မတတ်နိုင်ရှာဘူး'

၂၆။ 'ဆေးရုံသွားရင် ငရဲပြည်လောက်ထင်နေတာ၊ နှောသားပန်းပုရုပ်လို ဝါထိန်နေမှ' လူလည်း မှန်တီ ဖတ် လဖိုင်ဆီသုတ်ထားသလို ပျော့ခွေနေမှ'

၂၇။ 'ညည်းလိုက်တာကဖြင့် ခိုကျောပိုးသလား မှတ်ရ တယ်၊ သူ့စောင့်ရှောက်ဖို့ကလည်း ကိုယ်က အရှင် အဓွဂေါ်ဏ မဟုတ်တော့ မတတ်နိုင်ဘူး'

၂၈။ 'နှင့်နွားလည်း သေသေချာချာ ပြန်ကြည့်ဦးဟဲ့၊ ကျား နေလိုက်တာ ပုံကဖြင့် အင်ဒိုနီးရှားပါတိတ် ပတ်ထား မှတ်ရတယ်'

၂၉။ 'ကပ်တဲ့ဆွမ်းကကြမ်းလိုက်ပုံ၊ လည်ချောင်းထဲ ခါးမ ထမ်းဆင်းသွားမှတ်ရ၊ ငါးသလောက်ချက်ဆိုလို့ ဘုဉ်း ပေးပါ၊ ကျားလျှာချုန္နိက်ရသလို အရိုးချည်းဗျာ'

၃၀။ 'ကြည့်ကူး ဆရာရေ၊ ကားကဖြင့် ရွှေဘော်ထိုးနေ မှတ်ရ၊ ဟောတစ်စင်း ဟောတစ်စင်းနေတာ'

၃၁။ 'အလိုလေးကွယ်… ဆန်စပါးတွေ ထည့်လိုက်လေ



ကလေးနှယ်၊ ငါးပိုးချက်များ ဖက်နဲ့ထုပ်မှ မှတ် သလားဟ'

၃၂။ 'ကောင်းလိုက်တဲ့ ခြေထောက်ကွယ်၊ ဘောလုံးများ မော်တာထဲ ထည့်သွင်းနေသလား (သွားပဟ၊ ပဲကြီး ရေစိမ်ညှစ်သလိုဟော့၊ တပြွတ်ပြွတ်နဲ့ သွင်းနေတော့ ဒါပဲ)၊ (နှင့်ခြေထောက်နှယ် ဆေးပုတ်ကြီးကျလာ တာတောင် ထိအောင်ကန်နိုင်မှာမဟုတ်ဘူးကွယ်)၊ (အလိုလေးကွယ်… ဝက်ပျို့သားစားပြီး ခါတ်လျှော နေတဲ့လူတွေ ကျနေတာပဲ၊ ထိုင်မှိုင်နေလိုက်ကြတာ)၊ 'ကျားသစ်ကုတ်ထားမှတ်ရ၊ အကုန်လုံးစုတ်ပြတ်ကုန် တာပဲ'

၃၃။ 'ခေါပါဟ၊ လူကြီးတွေကြည့်ပြီး နှင့်မြေးမဲ့နေလိုက် တာ၊ ကြက်ပေါင်ရုပ် မီးလောင်ထားသလားမှတ်ရ၊ မြန်မြန်ခေါ်ပါ'

၃၄။ 'စပ်လှချည်လားသရို့၊ ငှက်ဖျားတက်နေသလား မှတ်ရ တဟီးဟီးနဲ့၊ ခေါက်လိုက်တဲ့ တောက်က လည်း အိမ်မြှောင်စိတ်ဆိုးနေသလိုဟ'

၃၅။ 'အမယ်လေးဟဲ့… ဝိဂ္ဂုံတ္တရ၊ မိန်းမကြောက်တာနဲ့ ထွက်လာခဲ့ရသလဲဟဲ့၊ သေသေချာချာ ကြည့်စမ်း၊ မှန်း… လွယ်အိတ်ကလည်း သောနတ္ထိလွယ်အိတ် မှတ်ရကွယ်၊ အပြည့်အသိပ်ပါလား'



၃၆။ 'လူတောသူတွေက နန်းမတော်မယ်နုမျိုးတွေဟ၊ ယောက်ျားတွေက ရနောင်မောင်မောင်တုတ်တို့မျိုးမှ ဖြစ်တာ'

၃၇။ 'ဟာ…ရုပ်သေးဆရာရေ၊ သိပ်လည်းငိုမနေနဲ့ မောင်ရင်၊ မဲပိုင်းထဲဖြင့် ငါနဲ့မဲပိုင်းပဲ ကျန်တော့တယ်ဟ၊ လက် တန်းလည်း မကြည့်ပါဦး'

၃၈။ 'နားလေးလိုက်တာမှ မိုးကြိုးပစ်တာတောင် ကြွေခွက် ကျတာလောက် ကြားတာမျိုး'

၃၉။ 'ခေါင်းက ဝက်မြေဥကပ်ထားသလို အနာရွတ်တွေနဲ့'

၄၀။ 'အာတီစီ ပက်လက်လန်နေပုံကတော့ကွယ်၊ ကုလား ပက်လက်လှန်ထားသလား မှတ်ရ၊ နဝဒေး ဖန်းစုတ် ပြတ်သွားလိုက်ပုံကတော့ ဝက်ဝမ်းတွင်းသား ဆွဲနုတ် ထားတဲ့အတိုင်းပဲ'

၄၁။ 'ငတိုကတစ်မျိုး၊ ဈေးသည်ကတစ်ဖုံနဲ့ စိတ်ကုန်လိုက် ဆိုကာက်ရာယုဇ ရောက်နေတဲ့အတိုင်းပဲ ဆူညံလို့'

၄၂။ 'ဒီမီးဘာဟုတ်ဦးမလဲ၊ ရွှေဘိုမီးလောင်တုန်းက ၊ သေသေချာချာမြင်လိုက်တာ၊ အိမ်တစ်အိမ်က သွပ် ပြားမီးလောင်ပြီး အထက်ပျံတက်သွားလိုက်တာ ကွယ်၊ အာလာဒင်ကော်ဇောပျံ စီးသ း မှတ်ရ ကွယ်'

၄၃။ 'မင်း ရွှေဘိုမီးလောင်တာဘာဟုတ်သေးလဲ၊ စစ်ကိုင်းလောင်တဲ့မီးကမှ ဗြဟ္မာဘုံနှစ်ဆယ်တက်ပြီး ကြပ်ခိုးစွဲနေဆိုပဲ'

၄၄။ 'ကားနှယ် နေးလိုက်သလေကွယ်၊ ကတ္တားစီးသွားတာမှ မြန်ဦးမယ်တဲ့'

၄၅။ 'တော်ပြီဗျာ… ခင်ဗျား နေ့ရွှေ ရက်ရွှေ ငွေလေးတစ်ကျပ်ရပါတယ်။ အကြောင်းဖန်လို့ နေမျက်လုံးခန့် လာတောင်းနေရတာပဲ'

၄၆။ 'အလိုလေး… ကျွဲဇရက် ရေနှစ်ထားမှတ်ရတယ်၊ ဘိုကေမြှောက်တောက်လေးနဲ့'

၄၇။ 'ကျောက်ပေါက်နှာနဲ့ မိတ်ကပ်က အနီလိမ်းထားတာဆိုတော့ ပဒဲကောမှတ်ရ'

၄၈။ 'ရောက်တာပ,ဟဲ့၊ တို့ဆီလာတော့သာ ပါးဖြဲ၊ နားဖြဲနဲ့ စားသွားလိုက်လေကွယ်၊ သူတို့အိမ်ရောက်တော့ ရေနွေးတောင် မသောက်ရဘူးကွယ်'

၄၉။ 'အလိုလေး…ဆေးလိပ်မသောက်ကြနဲ့ဟော့၊ မီးလောင်လိမ့်မယ်၊ သောက်ရေကဖြင့် ဖားသောက်ဖို့တောင်မရှိဘူး'

*-စာဖတ်သူများ ရွှင်လန်းပါစေ…*